# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၀၄၅)


## အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အဆိုပါသဝဏ်လွှာများမှာ -

### နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘူတန်နိုင်ငံ၏ စတုတ္ထမြောက် ဘုရင်မင်းမြတ် ဂျစ်မီ၊ဆင်း(ဂ်)ရီ၊ ဝန်ချွတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူများသည် ငြိမ်းချမ်းသာယာဝပြောရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ၎င်းတို့၏ ပြင်းပြသောဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည့် အဆွေတော်၏ ပါတီအပေါ် ယုံကြည်ချက်အပြည့်ဖြင့် ထောက်ခံအားပေးခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အဆွေတော်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အဆွေတော်၏ သံတမန်စွမ်းရည်ပြည့်ဝမှုဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် အနောက်နိုင်ငံများနှင့်ပါ ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို အောင်မြင်စွာ ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုယ်စား နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

**ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး**

ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် ကိုရီးယားသမ္မတနိုင်ငံ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❁



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။ သတင်းစဉ်


မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# ကိုဗစ်လှိုင်း၏ အရှိန်ကို မမေ့ကြပါနှင့်

ကိုဗစ်ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုက အရှိန်ရှိနေဆဲ။ သည့်ထက်ပိုဆိုရလျှင် ရောဂါပိုး၏ အန္တရာယ်ကို ပေါ့ပေါ့ဆဆ သဘောထားလို့ မရသေး။ မိမိတို့ သတိထားမှုကိုလျှော့လို့မရသေး။ မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုက ရှိနေဆဲဖြစ်ပါသည်။

ရွေးကောက်ပွဲအပြီးတွင် ပျော်ပျော်ပါးပါး အောင်ပွဲခံမှုများက မြို့များ၊ နယ်များတွင် အုန်းအုန်းကျွက်ကျွက် ဖြစ်ခဲ့သည်။ ပြည်သူလူထုသည် ဒီမိုကရေစီအရေးအတွက် ပစ်ခတ်နေသောသေနတ်သံများ၊ ရိုက်နှက်နေသော မြင်ကွင်းများကြားကပင် ဆန့်ကျင်ဆန္ဒပြခဲ့သည့် အစဉ်အလာနှင့် သမိုင်းတို့ရှိခဲ့ဖူးသည်ဖြစ်ရာ မဲရုံများဆီသို့ သွားရောက်မဲပေးရခြင်းကို စွန့်စားမှုဟုပင် မယူဆကြ။

ထိုကဲ့သို့ ကိုဗစ်အန္တရာယ်ကိုပင် မကြောက်နိုင်ကြဘဲ မဲရုံများသို့ သွားရောက်မဲပေးခဲ့ကြသူများဖြစ်သည့်အတွက် မဲနိုင်ပြီဟု သိရသည့်အခါ လူတို့၏ ပျော်ရွှင်မှုက ထိန်းမနိုင်သိမ်းမရ ဖြစ်ကြတော့သည်။ နေရာအနှံ့တွင် ဆင်နွှဲကြသော အောင်ပွဲများက ခြိမ့်ခြိမ့်သဲ ဖြစ်လေရာ ထိုထိုသော လူစုလူဝေးများက ရောဂါပိုးပျံ့နှံ့သည့်နှုန်းကို မည်မျှ တိုးမြင့်လာစေမည်ဆိုခြင်းကို မပြောနိုင်သေးသည့် အခြေအနေ ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လည်းကောင်း၊ နိုင်ငံရေးပါတီခေါင်းဆောင်များက လည်းကောင်း၊ အစိုးရခေါင်းဆောင်များကလည်းကောင်း မေတ္တာရပ်ခံခြင်း၊ တားမြစ်ဟန့်တားခြင်း၊ ဥပဒေဖြင့် ကန့်သတ်ခြင်းတို့ကြောင့်သာ လူစုလူဝေးများ တဖြည်းဖြည်းချင်း ကျဲပါးလာခြင်း ဖြစ်ပါသည်။

ယခုရွေးကောက်ပွဲသည် ဒီမိုကရေစီရေး အောင်မြင်မှုနှင့် ဆက်စပ်မှုများ ရှိနေသည့်အတွက် များစွာအရေးကြီးသော အောင်ပွဲတစ်ခုအဖြစ် ပြည်သူလူထုက သတ်မှတ်ကာ အပျော်လွန်မိကြခြင်း ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံအဝန်းအတွက် အထူးဂရုစိုက် ကာကွယ်ကြရန်လိုသော ကပ်ရောဂါ၏ အန္တရာယ်ကို ပေါ့ပေါ့ဆဆ သဘောထား၍ မရပါ။ ထို့ပြင် ကျန်းမာရေးဆိုင်ရာ အကန့်အသတ်များ၊ စည်းမျဉ်းစည်းကမ်းများ ဥပဒေများဆိုသည်က မည်သည့် အကြောင်းပြချက်ဖြင့်မျှ ချိုးဖောက်လို့မရ၊ မလိုက်နာလို့မရနိုင်ပါ။

ဒီမိုကရေစီအောင်ပွဲဟု ယူဆလျှင် ဒီမိုကရေစီ အလေ့အကျင့် ပိုမို၍ရင့်သန်ကြဖို့လိုပါမည်။ ဒီမိုကရေစီစနစ်အောက်တွင် လူထုသည် ဥပဒေကို လိုက်နာရိုသေခြင်းဖြင့် အရေးပါသည့် အလေ့အထ အမူအကျင့်ကို ခိုင်မာအောင်လုပ်ကြရန် လိုပါမည်။

ဒီမိုကရေစီ အောင်ပွဲရပြီ ဆိုရုံမျှဖြင့် ဒီမိုကရေစီစနစ် အခြေကျခိုင်မာသွားမည် မဟုတ်ပါ။ ဒီမိုကရေစီစနစ်သည် ပြည်သူလူထု၏ အလေ့အကျင့်အပေါ်တွင် မူတည်၍ ခိုင်မာမြဲမြံလာမည်ဆိုခြင်းကို မျက်ခြည်ပြတ်၍ မဖြစ်ပါ။

ယနေ့ဆိုလျှင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ပြီးစီးခဲ့ပြီ။ ရွေးကောက်ပွဲရလဒ်များအတိုင်း ဆက်လက်လုပ်ကိုင်စရာ လုပ်ငန်းရပ်များက အမြောက်အမြား ရှိနေသေးသည်။ ထိုတာဝန်များကို ဆက်လက်ထမ်းဆောင်ရင်း မဆုတ်မနစ်သော ဇွဲဖြင့် ဆက်လက်ကျော်ဖြတ်ရမည့် အခက်အခဲများ အကျပ်အတည်းများ စိန်ခေါ်မှုများက ရှေ့ခရီးတွင် တင်းကျမ်း ရှိပါသေးသည်။

မိမိတို့ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်အများစုပါဝင်သော လွှတ်တော်တို့က ဖွဲ့စည်းပေးမည်ဆိုသည့် အစိုးရအဖွဲ့နှင့် အုပ်ချုပ်ရေးစနစ်သည်ပင် ပြည့်ပြည့်ဝဝ ဒီမိုကရေစီစနစ် မဖြစ်နိုင်သေးသည့် အချိန်ဖြစ်ပါသည်။ ပန်းတိုင်ရောက်ပြီဟု ကြွေးကြော်ကာ တက်ထောင်လို့ မရသေးပါ။

ပြည်ထောင်စု တိုင်းရင်းသားတို့နှင့် ဆွေးနွေးနားလည်မှု ယူရမည့် လုပ်ငန်းများ၊ ပြည်တွင်းပဋိပက္ခများပြေလည်စေမည့် ငြိမ်းချမ်းရေး လုပ်ငန်းများ၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေး အတွက် အခြေခံဥပဒေကို ပြင်ဆင်ရမည်များ၊ နိုင်ငံ၏ စီးပွားရေး တိုးတက်မြင့်မားလာရေးအတွက် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများ၊ လူတစ်ဦးချင်း၏ နေ့စဉ်လူမှုဘဝ ရှင်သန်နေထိုင်မှု လွယ်ကူလုံခြုံရေး ကိစ္စများ စသည်ဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြရဦးမည် ဖြစ်ပါသည်။

လောလောဆယ် ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာကို လူထုအရေး၊ အမျိုးသားအရေးအဖြစ် ဆက်လက်နားလည် လက်ခံကာ ကျော်လွှားကြရပါဦးမည်။ ပြည်သူတို့၏ ကျန်းမာရေးသတိကို မြဲမြဲဆုပ်ကိုင်ထားကြရန်လိုပါသည်။ လူစုလူဝေး ရှောင်ကြဉ်ခြင်း၊ လူချင်းအနည်းဆုံး ခြောက်ပေခွာကာ ပြောဆိုဆက်ဆံခြင်း၊ စနစ်တကျ လက်ဆေးခြင်း၊ နှာခေါင်းစည်းမျက်နှာဖုံးများ တပ်ဆင်ခြင်း စသည်တို့ဖြင့် ကိုဗစ်အန္တရာယ်ကို အသိဉာဏ်ကြီးကြီး သတိကြီးကြီး တို့ဖြင့် ကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉–၅၁၃၀၄၁၈
  - ၀၉–၅၄၀၂၀၉၈
  - ၀၉–၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဖျာပုံမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့ငွေပေးအပ်

ဖျာပုံ နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)




ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာလတွင် စားဝတ်နေရေးအဆင်ပြေစေရန် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို စတုတ္ထအကြိမ်အဖြစ် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာတွင် အမှန်တကယ်နေထိုင်သော ပြည်သူလူထု လက်ဝယ်ရောက်ရှိအောင် ပေးအပ်ဖို့လိုကြောင်း၊ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်း ပေးအပ်ရာတွင် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ လက်ဝယ်တွင် ကြန့်ကြာမှုမရှိစေဘဲ ပြည်သူလူထု လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ဆောင်ရွက်သွားရန်နှင့် မူလထောက်ပံ့ထားသော အိမ်ထောင်စု အတိုင်း ပေးအပ်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း စတုတ္ထအကြိမ် ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၄၀၀၀၀ ကို ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ ကိုဗစ်ကော်မတီဝင်များမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စတုတ္ထအကြိမ်အဖြစ် ထောက်ပံ့ငွေများအား မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၃၉၀ စုအတွက်၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေစုစုပေါင်း ၁၂၁၅၆၀၀၀၀၀ အား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများက ထောက်ပံ့ငွေများကို ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**

# ကော့သောင်းနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထား

ကော့သောင်း နိုဝင်ဘာ ၁၃

ထိုင်းနိုင်ငံမှပြန်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာကြသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၅၅ ဦး၊ အမျိုးသမီး ၄၁ ဦး၊ စုစုပေါင်း အလုပ်သမား ၁၉၆ ဦးသည် နိုဝင်ဘာ ၁၂ ရက်တွင် ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ကို ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့အား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါကူးစက်မှု သံသယရှိသူများ ပါဝင်လာခြင်း ရှိမရှိစစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ပေးကာ အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်– ၁၉ ရောဂါ ကာလအတွင်း ထိုင်းနိုင်ငံ၌ အကြောင်းအမျိုးမျိုးဖြင့် ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင် ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ပြန်လည်ဝင်ရောက်လာကြခြင်း ဖြစ်ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာကြသူများထဲမှ ကော့သောင်းဒေသခံများကို ကော့သောင်းမြို့ရှိ အသွားအလာကန့်သတ် စောင့်ကြည့်သော စင်တာများ၌ ၁၄ ရက်ကြာ အသွားအလာကန့်သတ်ထားရှိစောင့်ကြည့်သွားမည်ဖြစ်ပြီး အာခေါင်တို့ဖတ်နမူနာများကို အမျိုးသားကျန်းမာရေးဌာနသို့ပို့၍ ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေထိုင်သူများကိုမူ သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ချက်ချင်းပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်များသို့ရောက်ရှိပြီးမှ အသွားအလာကန့်သတ်စောင့်ကြည့်မှုကိုခံယူရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

❑ ရှေ့ဖုံးမှ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရင်ဒရာ မိုဒီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်နှင့် အဆွေတော်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရာတွင် နောက်ထပ်အဆင့်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် အဆွေတော်နှင့်အတူ ဆက်လက်ဖော်ဆောင်သွားရန် မျှော်လင့်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ထပ်မံအနိုင်ရရှိရေးအတွက် ဦးဆောင်မှုပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဤရွေးကောက်ပွဲရလဒ်သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့် နိုင်ငံအတွက် မျှော်မှန်းချက်များအပေါ် မြန်မာပြည်သူများ၏ ယုံကြည်ကိုးစားမှုရှိကြသည်ကို ထင်ဟပ်လျက်ရှိကြောင်း၊

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် မိတ်ဆွေဟောင်းများဖြစ်ကြပြီး ကာလရှည်ကြာ လက်တွဲလာသည့် မိတ်ဖက်များလည်း ဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အဦနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ အပါအဝင်ကဏ္ဍစုံတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ COVID–19 ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့စဉ်ကပင် ကုန်စည်ထောက်ပံ့မှုကွန်ရက် ထိန်းသိမ်းဆောင်ရွက်ရေး။ ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက်နှင့် အကောင်းမွန်ဆုံးသော လုပ်နည်းကိုင်နည်းများအား မျှဝေခြင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့တွင် ရောက်ရှိနေကြသည့် မိမိတို့ သက်ဆိုင်ရာနိုင်ငံသားများ၏ လိုအပ်ချက်များကို အပြန်အလှန်အကူအညီများ ပေးအပ်ခြင်းတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ မိမိအနေဖြင့် ရှိရင်းစွဲ ဆက်ဆံချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကဏ္ဍသစ်များ ရှာဖွေဖော်ထုတ်သွားရန် အဆွေတော်နှင့်အတူ ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း၊

အဆွေတော် အောင်မြင်မှုများ ဆက်လက်ရရှိစေရန်၊ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် စင်ကာပူနိုင်ငံသို့ အဆင်ပြေသည့်အချိန်တွင် ထပ်မံလာရောက်လည်ပတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ အောင်မြင်မှုရရှိခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထိုင်းအစိုးရနှင့် ပြည်သူများကိုယ်စား ပြောကြားလိုပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား သောင်းသောင်းဖျဖျ၊ လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့ကြခြင်းသည် အဆွေတော်အပေါ်၌ မြန်မာပြည်သူများ၏ အခိုင်အမာယုံကြည်မှုကို ရှင်းလင်းစွာ ထင်ဟပ်ပြသနေခြင်းဖြစ်သကဲ့သို့ လွန်ခဲ့သည့် (၅)နှစ်တာကာလအတွင်း အဆွေတော်၏ ဦးဆောင်မှုအပေါ် အခိုင်အမာ ထောက်ခံလိုက်ခြင်းပင် ဖြစ်ပါကြောင်း၊

ယခုအချိန်အခါသမယတွင် Natural Strategic Partner ဖြစ်သည့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လာစေရန် အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ကို မိမိအနေဖြင့် ထပ်လောင်းကတိပြုပြောကြားလိုပါကြောင်း၊ ထို့အပြင် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် အဆွေတော်နှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့စဉ်က ပြောကြားခဲ့သည့်အတိုင်း COVID–19 ကပ်ရောဂါဘေးကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကူအညီပေးရန် ထိုင်းနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေပါကြောင်း၊

မိမိအနေဖြင့် COVID–19 ကပ်ရောဂါဘေး လျော့ကျလာသည့်အချိန်တွင် တွေ့ဆုံခွင့် ရရန်နှင့် ကိုယ်တိုင်ဂုဏ်ပြုစကားပြောကြားရန် စိတ်အားထက်သန်စွာဖြင့် မျှော်လင့်လျက်ရှိပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်ထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူများ၏ ထောက်ခံမှုကို ထူးကဲအောင်မြင်စွာ ရရှိခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ ယခုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံနှင့် အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်သူများအတွက် ဆုမွန်ကောင်းပို့သလိုက်ပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရန်အတွက် မြန်မာအစိုးရနှင့်အတူ ဆက်လက်လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ - ၂၀၂၀ ၌ မိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၃

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲ – ၂၀၂၀ ထိပ်သီးအစည်းအဝေး၏ 'Panel Discussion on Technology and The Future of Work in ASEAN' ကဏ္ဍတွင် မိန့်ခွန်းပြောကြားသည့် Video Speech ကို ပေးပို့ခဲ့သည်။**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ – ၂၀၂၀ ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်




### နည်းပညာအသစ်များ အသုံးပြုနိုင်ရေး

စကားဝိုင်းဆွေးနွေးပွဲ၌ အင်ဒိုနီးရှားနိုင်ငံသမ္မတ Ir. H. Joko Widodo နှင့် ယူကေနိုင်ငံမှ နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး The Right Honorable Elizabeth Truss MP တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက Video မိန့်ခွန်းပြောကြားခဲ့ကြပြီး ထိုသို့ပြောကြားရာတွင် အာဆီယံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်မှုကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် စက်မှုလုပ်ငန်းများအားလုံး နည်းပညာအသစ်များကို အသုံးပြုနိုင်ရေး ပြင်ဆင်သွားရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

မိမိတို့အနေဖြင့် AI မှ AR နည်းပညာသို့ ကူးပြောင်းနိုင်ရန်အတွက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို လက်ခံရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဆေးပညာသင်ယူသည့် ကျောင်းသူ/ သားများပင်လျှင် အဆင့်မြင့်စက်ရုပ်နည်းပညာတို့ကိုပါ သိရှိနားလည်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) များအနေဖြင့်လည်း ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြုနိုင်ရန်၊ e–commerce စနစ်နှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေပေးချေမှုတို့ကို အကျွမ်းတဝင်ဖြစ်စေရန် လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာမှာ ယနေ့ခေတ်အလုပ်သမားများအတွက်လိုအပ်သည့် အဓိကကျွမ်းကျင်မှုဖြစ်လာပြီး အမြဲတမ်းသင်ယူလေ့လာသွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးစနစ်ကို သုံးသပ်နေရန် လိုအပ်ကြောင်း၊ လယ်သမားများမှာလည်း အသိပညာပြည့်ဝသည့် လုပ်သားများဖြစ်ရန် လိုပါကြောင်း ပြောကြားခဲ့သည်။

### အချင်းချင်းစာနာမှုရှိရန် ဆွေးနွေး

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အာဆီယံအနေဖြင့် 4th Industrial Revolution သို့ ကူးပြောင်းစဉ်ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာ၌ ပွင့်လင်းမှုနှင့် အချင်းချင်း စာနာမှုရှိရန် ဆွေးနွေးခဲ့ပြီး မိမိတို့အနေဖြင့် လူမှုအသိုက်အဝန်း၏ပြဿနာဟောင်းများကို ခေတ်သစ်နည်းပညာများ အသုံးပြုပြီး ဖြေရှင်းရန်လိုပါကြောင်း၊ မိမိတို့၏ အဓိက သင်ယူမှုများက သတိ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စာနာမှုများကို လျစ်လျူရှု၍မရပါကြောင်း၊ တစ်ဦးချင်းစီ၏ ကွဲပြားမှုများမှာ အတားအဆီးများမဖြစ်ရန်အတွက် မိမိတို့မှာ ပွင့်လင်းပြီး လက်ခံနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ကျောင်းများသည် တွေးခေါ်နိုင်စွမ်းရှိရန် သင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးစနစ်များ၊ အလုပ်ခွင်များနှင့် ပြည်သူ့ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှာ ဝေဖန်ခြင်းကို ခံနိုင်စွမ်းရှိသည့် အဖွဲ့အစည်းများ ဖြစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

### နှစ်စဉ်ကျင်းပသည့် ဖိုရမ်တစ်ခုဖြစ်

ထိပ်သီးဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ 'Digital ASEAN: Sustainable and Inclusive' ဖြစ်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲသည် အရှေ့တောင်အာရှနိုင်ငံများ၏ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ ခေါင်းဆောင်များနှင့် ဒေသတွင်းရှိ စီးပွားရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များပါဝင်ကာ ဒေသ၏ အနာဂတ်အလားအလာများကို ဆွေးနွေးရန် နှစ်စဉ်ကျင်းပသည့် ဖိုရမ်တစ်ခုဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သက်ရောက်မှုများရှိပြီး စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့် အခြေအနေ၌ ကျင်းပသော ယခုဆွေးနွေးပွဲသည် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ နှစ်ခုစလုံးအတွက် ဒစ်ဂျစ်တယ်ခေတ်တွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုကိုမြှင့်တင်ရန် နည်းလမ်းများ ဖော်ထုတ်နိုင်ရေး အတူတကွစုစည်းပေးသည့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

❀ *ရှေ့ဖုံးမှ*

သမ္မတ မစ္စတာ မွန်ဂျေအင်း တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ပြီး မဲခေါင်နိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သဘောတူညီခဲ့ကြ**

မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် ဒေသတွင်း ငြိမ်းချမ်းသာယာသော ပြည်သူဗဟိုပြု အသိုက်အဝန်းတစ်ခု ထူထောင်နိုင်ရေးအတွက် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးမှ လက်ရှိ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ မဏ္ဍိုင်(၃)ခုဖြစ်သည့် ပြည်သူဗဟိုပြုမဏ္ဍိုင်၊ သာယာဝပြောမှုမဏ္ဍိုင်နှင့် ငြိမ်းချမ်းရေးမဏ္ဍိုင် (People၊ Prosperity၊ Peace) တို့အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို "မဟာဗျူဟာမြောက် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု" အဖြစ် အဆင့်မြှင့်တင်သွားရန်သဘောတူညီခဲ့ကြပြီး ၂၀၂၁ ခုနှစ်ကို မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "Mekong-ROK Exchange Year 2021" အဖြစ်လည်း သတ်မှတ်ခဲ့ကြသည်။

**အတွေ့အကြုံများ မျှဝေ**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ ကိုရီးယားသမ္မတနိုင်ငံက မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများ၏ COVID-19 ရောဂါတိုက်ဖျက်မှုအတွက် ရန်ပုံငွေနှင့် ဆေးပစ္စည်းများ ထောက်ပံ့သည့်အပြင် သတင်းအချက်အလက်နှင့် အတွေ့အကြုံများ မျှဝေပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး မိမိတို့ဒေသတွင်းမှ ပြည်သူများ COVID-19 ကာကွယ်ဆေး လက်လှမ်းမီရရှိရေး ဆောင်ရွက်ပေးရန်မှာ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ကြောင်းနှင့် COVID-19 ကြောင့် ထိခိုက်ခဲ့ရသည့် အလတ်စား၊ အငယ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းသစ်များ ပြန်လည်စတင်နိုင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် အလေးပေးကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်းလည်း အကြံပြုဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတ မွန်ဂျေအင်းက ကြေညာခဲ့သော New Southern Policy Plus (NSPP) မူဝါဒအသစ်နှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအား မဟာဗျူဟာမြောက် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုအဖြစ် အဆင့်မြှင့်တင်ခဲ့ခြင်းကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများသို့ တရားဝင် အကူအညီ (ODA) တိုးမြှင့်ပေးအပ်ရန် ကတိကဝတ်ပြုခြင်း၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေသို့ နှစ်စဉ် အမေရိကန်ဒေါ်လာ(၃)သန်း ထည့်ဝင်ခြင်းနှင့် အက်မက်စ်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအတွက် အမေရိကန်ဒေါ်လာ(၁)သန်း ထည့်ဝင်ခြင်းတို့အတွက် လည်းကောင်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံက COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း ရွေးကောက်ပွဲ ကျင်းပမှုအတွေ့အကြုံများမျှဝေခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ ယင်းတို့မှာ မကြာမီက ကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ ပြင်ဆင်ရေးအတွက် အကျိုးပြုစေခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ပူးတွဲကြေညာချက် ထုတ်ပြန်**

အစည်းအဝေးမှ ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကိုထုတ်ပြန်ခဲ့သည်။

**(၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး**

(၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီဒဲစုဂတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးသို့ မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။
သတင်းစဉ်

**ဆက်လက်ဆောင်ရွက်**

မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် စည်းလုံးညီညွတ်မှုနှင့် စုပေါင်းအင်အားလိုအပ်မှု၊ တိုကျိုမဟာဗျူဟာ ၂၀၁၈ ၏ မဏ္ဍိုင်(၃)ရပ်အောက်တွင် ဖြစ်ပေါ် တိုးတက်မှုများနှင့် မဲခေါင်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

**ထပ်မံကတိကဝတ် ပြုခဲ့ကြ**

အစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ်က မဲခေါင်နိုင်ငံများ၌ JICA မှ ချေးငွေ ထောက်ပံ့ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားရန်ဦးတည်ထားသည့် "မဲခေါင်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်အစီအစဉ်" ကို ကြေညာခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်များသည် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်မှ လူတိုင်းကျန်းမာရေးဝန်ဆောင်မှု ရရှိနိုင်ရေးနှင့် စီးပွားရေးဆက်ဆံမှု ကျစ်လျစ်ခိုင်မာစေရေး လုပ်ငန်းစဉ်များတွင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားရန် ထပ်မံကတိကဝတ် ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာ၌ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများ၏ COVID-19 ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် Avigan ဆေးပြားများ၊ ဆေးပစ္စည်းကိရိယာများ၊ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ပေးအပ်မှုနှင့် မဲခေါင်နိုင်ငံများနှင့် စီးပွားဆက်ဆံရေး ခိုင်မာလာစေရေး ကြိုးပမ်းမှုတို့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ COVID-19 ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် ဂျပန်နိုင်ငံက "COVID-19 အကျပ်အတည်း ဖြေရှင်းရေး အရေးပေါ်ချေးငွေ" ထူထောင်ပေးခြင်း၊ "အာဆီယံ-ဂျပန် စီးပွားရေး ခံနိုင်ရည်ရှိစေရေး လုပ်ငန်းအစီအစဉ်" ချမှတ်ခြင်းနှင့် "ပြည်သူ့ကျန်းမာရေးကဏ္ဍ အရေးပေါ်အခြေအနေများနှင့် ကူးစက်ရောဂါများဆိုင်ရာ အာဆီယံစင်တာ" ထူထောင်ရန် ထောက်ပံ့ခြင်းတို့အတွက် ကျေးဇူးတင်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**ဟန်ချက်ညီမျှမှုဖြစ်စေရန် အရေးကြီး**

COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် လူမှုစီးပွားရေးထိခိုက်မှုများအား ပြန်လည်ကုစားရာတွင် ဒေသတွင်း ချိတ်ဆက်မှုလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ခြင်းသည် အဓိကကျကြောင်း၊ သို့ရာတွင် "ပုံမှန်အနေထားအသစ် (New Normal)" နှင့် ကိုက်ညီမှုရှိစေရန် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများကို ပြုပြင်သင့်ကြောင်း၊ ဒေသတွင်း ချိတ်ဆက်မှု လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်မှု၊ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်းတို့အကြား ဟန်ချက်ညီမျှမှုဖြစ်စေရန် အရေးကြီးကြောင်းကိုလည်း အကြံပြုဆွေးနွေးခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဝေခြင်းစနစ် စွမ်းရည် တိုးတက်စေရန် အကူအညီပေးနေမှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ဆုများ၊ အထက်တန်း ကျောင်းသားများအား ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် ဖိတ်ခေါ်သည့်စီမံကိန်း (Asia Kakehashi Project) အပါအဝင် များစွာသော အစီအစဉ်တို့ဖြင့် မဲခေါင်နိုင်ငံများမှ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများအတွက် ကျေးဇူးတင်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။


အစည်းအဝေးမှ (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပွင့်ဖြူမြို့နယ် ကနီ-မဒဲကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ကွင်းဆင်းစစ်ဆေး

**မကွေး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် မဒဲကျေးရွာသို့ ရောက်ရှိပြီး ကနီ- မဒဲကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**ကွင်းဆင်းကြည့်ရှု စစ်ဆေး**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအစီစဉ်(GAFSP) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်ကုန်ထုတ်လမ်း လက်ရှိအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ မင်းဘူးခရိုင် ကျေးလက်ဦးစီးမှူးနှင့် ဒေသခံတောင်သူလယ်သမားများကရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်**

ပွင့်ဖြူမြို့နယ် ကနီ-မဒဲကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးပါက ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၁၅၅၁ အိမ်၊ လူဦးရေ ၆၅၉၅ ဦး၊ စိုက်ပျိုးမြေဧက ၁၈၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါဒေသမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည့်အတွက် ဒေသနေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံး ပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၄၈ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးသိန်းလွင် | ၁၄ / ပသန(နိုင်)၁၄၈၀၇၈ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါက်တာခွန်ဝင်းသောင်း | ၁ / မမန(နိုင်)၀၁၃၇၂၃ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအင်ဝမ်ခန်းဇော်တန်(ခ) ဇော်တန် | ၁ / တနန(နိုင်)၀၀၀၁၀၁ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ကရင်ပြည်နယ်** | | | |
| (၄) | စောဘီစံသိန်းမြင့် | ၃ / ကကရ(နိုင်)၀၄၅၄၂၇ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါက်တာမျိုးအောင် | ၃ / ကကရ(နိုင်)၀၂၃၉၃၀ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ချင်းပြည်နယ်** | | | |
| (၆) | ဦးကျင့်ဆွမ်းမန် | ၅ / ကလထ(နိုင်)၀၀၀၅၅၉ | အမှတ် ( ၃ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၇) | ဒေါ်သီတာဝင်း | ၅ / မရန(နိုင်)၀၃၃၃၅၇ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးတင်မောင်ဝင်း | ၅ / မလန(နိုင်)၀၀၂၂၉၅ | အမှတ် ( ၉ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါက်တာအောင်လင်း | ၅ / ယမပ(နိုင်)၀၀၅၄၇၇ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ရှမ်းပြည်နယ်** | | | |
| (၁၀) | ဦးအိုက်မွန်း | ၁၃ / ကခန(နိုင်)၀၁၆၂၂၉ | အမှတ် ( ၅ ) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၁၁) | နန်းမွန်းစိန် | ၁၃ / သနန(နိုင်)၀၀၀၀၃၀ | အမှတ် ( ၆ ) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ခွန်အောင်ကျော် | ၁၃ / တကန(နိုင်)၁၉၇၉၃၉ | အမှတ် ( ၁၀ ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးအိုက်နပ် | ၁၃ / လရန(နိုင်)၀၂၁၉၈၈ | အမှတ် ( ၁၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၁၄) | ဒေါ်မေသန်းနွဲ့ | ၇ / တငန(နိုင်)၀၀၉၈၂၂ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၄၉ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးယောဆီ | ၁/ပတအ(နိုင်)၀၀၁၇၆၆ | ပူတာအို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဒိန်ခန်ဖုန်(ခ) ခန်လင် | ၁/ပတအ(နိုင်)၀၀၅၄၃၃ | ပူတာအို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးကောင်ဆိုင်းလ | ၁/တနန(နိုင်)၀၀၀၁၈၂ | တနိုင်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးဇော်ဝင်း | ၅/ယမပ(နိုင်)၀၃၄၉၀၅ | တနိုင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးအောင်သင်း(ခ) ဦးဇော်သင်း | ၁/ဗမန(နိုင်)၀၂၉၂၀၈ | ဗန်းမော်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါ်ဇာခြည်မြင့် | ၁/ဗမန(နိုင်)၀၆၄၄၇၈ | ဗန်းမော်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ကရင်ပြည်နယ်** | | | |
| (၇) | ဦးခွန်မျိုးတင့် | ၃/ဘအန(နိုင်)၀၀၉၀၆၂ | ပအိုဝ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးတင်ဝင်း | ၅/ရဥန(နိုင်)၀၁၃၄၇၀ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | မင်းထွန်းလွင် | ၃/ဘအန(နိုင်)၀၇၈၂၉၀ | မွန် တိုင်းရင်းသား | မွန်ညီညွတ်ရေးပါတီ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁၀) | ဦးကိုကိုအောင် | ၅/ဆလက(နိုင်)၀၅၇၉၀၇ | ဆားလင်းကြီး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးအောင်အောင် | ၅/ဆလက(နိုင်)၀၀၆၄၀၉ | ဆားလင်းကြီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဒေါ်ခင်နှင်းရီ | ၅/ယမပ(နိုင်)၀၅၀၇၄၆ | ယင်းမာပင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါ်အေးစန္ဒာကျော် | ၅/ယမပ(နိုင်)၀၈၆၀၁၀ | ယင်းမာပင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်လတ်လတ်မိုးအောင် | ၅/မလန(နိုင်)၀၀၀၆၁၉ | မော်လိုက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးလှိုင်မြင့် | ၅/ကလထ(နိုင်)၀၂၈၀၄၇ | မော်လိုက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးသန်း | ၅/ကသန(နိုင်)၀၂၄၇၉၉ | ကသာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးဝင်းရွှေ | ၅/ကသန(နိုင်)၀၄၃၈၃၆ | ကသာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးစိုးသိဏ်း | ၅/ထခန(နိုင်)၀၀၉၈၅၁ | ထီးချိုင့်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးသိန်းဟန် | ၅/ထခန(နိုင်)၀၇၂၉၈၀ | ထီးချိုင့်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၅ မှ

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၂၀) ဦးဝင်းမြင့်(ခ) ဦးဝင်းမြင့်ခင် | ၅/ခဥတ(နိုင်)၀၀၅၃၀၈ | ချောင်းဦး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၁) ဦးဝင်းသန့်နိုင် | ၅/ခဥတ(နိုင်)၀၆၀၅၁၈ | ချောင်းဦး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | |
| (၂၂) ဦးချစ်မင်းသိန်း | ၉/မလန(နိုင်)၀၉၂၇၇၄ | မလှိုင်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၃) ဒေါ်သီတာငြိမ်း | ၉/မလန(နိုင်)၀၀၈၁၄၇ | မလှိုင်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | |
| (၂၄) ဦးမောင်ညို | ၁၃/မဘန(နိုင်)၀၀၃၀၀၅ | မဘိမ်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၅) ဦးမင်းမင်းသိန်း | ၁၃/မဘန(နိုင်)၀၁၅၁၆၅ | မဘိမ်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၆) ဒေါ်ရီရီဝင်း | ၁၃/မမတ(နိုင်)၀၀၄၇၆၉ | မိုးမိတ်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၇) ဦးမြင့်ရွှေ(ခ) အဂီး | ၁၃/မမတ(နိုင်)၀၃၅၄၅၇ | မိုးမိတ်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၈) ဒေါက်တာလင်းထွဋ် | ၁၃/ကခန(နိုင်)၀၀၁၅၄၄ | လားရှိုး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၉) ဒေါ်ရီရီမင်း | ၁၃/လရန(နိုင်)၁၈၂၄၃၆ | လားရှိုး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၀) နန်းဥမ္မာ(ခ) နန်းမွန်းမွန်းပေါင်း | ၁၃/သပန(နိုင်)၀၄၂၁၉၀ | သီပေါ(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) စိုင်းလောဝ်ပိန်း | ၁၃/သပန(နိုင်)၀၄၈၀၆၉ | သီပေါ(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) ဦးရန်ကျော် | ၁၃/လရန(နိုင်)၀၂၉၃၇၉ | ဟိုပန်(၁) | ‘ဝ’အမျိုးသားပါတီ |
| (၃၃) ဦးညီနပ် | ၁၃/လရန(နိုင်)၀၂၁၂၂၁ | ဟိုပန်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) ဦးစိုင်းကျော်သိန်း | ၁၃/မဆတ(နိုင်)၀၀၁၄၉၂ | မူဆယ်(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) ဦးနော်တောင် | ၁၃/မဆတ(နိုင်)၀၃၃၈၈၄ | မူဆယ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) ဦးအောင်မြင့်ထွန်း | ၉/တကန(နိုင်)၁၃၄၄၆၆ | နောင်ချို(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၇) ဒေါက်တာညီညီအောင် | ၈/ဆဖန(နိုင်)၀၁၆၄၀၆ | နောင်ချို(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၈) ဦးစိုင်းမွန်း | ၁၂/မရက(နိုင်)၁၂၂၅၂၄ | တန့်ယန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) ဦးစိုင်းခမ်းမြတ် | ၁၃/တယန(နိုင်)၀၀၅၈၅၉ | တန့်ယန်း(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) ဦးခမ်းရွှေ | ၁၃/ပယန(နိုင်)၀၀၈၀၀၄ | မက်မန်း(၁) | တစ်သီးပုဂ္ဂလ |
| (၄၁) ဦးကျာကဖော် | ၁၃/ပယန(နိုင်)၀၀၁၉၈၉ | မက်မန်း(၂) | လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၄၂) ဦးစိုးညွန့်လွင် | ၈/နမန(နိုင်)၀၅၈၀၄၇ | တောင်ကြီး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၃) ဒေါက်တာဒေါ်သန်းငွေ | ၁၃/တကန(နိုင်)၀၁၀၅၂၉ | တောင်ကြီး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၄) ဦးလီကျိန်းဖူ(ခ) မြင့်ဆွေ | ၁၃/နခတ(နိုင်)၀၅၄၀၆၃ | ကုန်းကြမ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၅) ဦးမောင်မောင် | ၁၃/လရန(နိုင်)၀၉၀၆၁၀ | ကုန်းကြမ်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ | ၁၃/မဆတ(နိုင်)၀၄၈၁၆၃ | လောက်ကိုင်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) ဦးဘေရင်နယ်(ခ) ခင်မောင်လွင် | ၁၃/လကန(နိုင်)၀၀၀၀၂၉ | လောက်ကိုင်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) ဒေါက်တာဂျွန်နီ | ၁၂/ဥကမ(နိုင်)၁၇၈၈၅၃ | ရပ်စောက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၉) ဦးမောင်မောင်စိန် | ၁၃/ရစန(နိုင်)၀၀၅၅၂၅ | ရပ်စောက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၀) ဦးခွန်မောင်ဖြူ | ၁၃/ဟပန(နိုင်)၀၀၂၂၀၂ | ဟိုပုံး(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၅၁) ဦးစံလွင်(ခ) ခွန်စံလွင် | ၁၃/တကန(နိုင်)၁၄၆၃၁၃ | ဟိုပုံး(၂) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၅၂) ဦးအေးမောင် | ၁၃/နခန(နိုင်)၀၀၃၀၆၄ | နမ့်ခမ်း(၁) | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၅၃) ဒေါ်အိုင်စောစိန် | ၁၃/နခန(နိုင်)၀၃၆၅၀၄ | နမ့်ခမ်း(၂) | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၅၄) အိုက်ခမ်းလှိုင် | ၁၃/မယတ(နိုင်)၀၀၁၄၈၆ | မိုင်းယောင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၅) စိုင်းရဲန်တစ်(ပ်)လုံ(ခ) စိုင်းဆိုင်တစ်(ပ်)လုံ | ၁၃/ကတန(နိုင်)၀၁၄၂၇၂ | မိုင်းယောင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၅၆) ဦးသန်းထွဋ် | ၁၄/ပသန(နိုင်)၂၁၃၀၂၈ | ပုသိမ်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၇) ဦးလွင်ဦးမောင် | ၁၄/ပသန(နိုင်)၁၄၃၉၁၀ | ပုသိမ်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၈) ဦးထူးကျော် | ၁၂/ကမရ(နိုင်)၀၅၆၂၆၉ | ငပုတော(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၉) ဦးသက်ပိုင်စိုး | ၁၄/ငပတ(နိုင်)၁၆၃၉၅၉ | ငပုတော(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၀) ဦးခင်ဘို(ခ) ဦးအောင်ခင်ဗိုလ် | ၁၄/ဘကလ(နိုင်)၀၀၆၇၂၆ | ဘိုကလေး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၁) ဦးဇင်မင်းထက် | ၁၄/ဘကလ(နိုင်)၂၀၉၅၄၅ | ဘိုကလေး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၁ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁) | ဒေါက်တာမြတ်ဉာဏစိုး | ၁၂ / ကတတ(နိုင်)၀၀၀၈၇၀ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးနေကျော် | ၁၂ / တမန(နိုင်)၀၄၅၈၁၈ | အမှတ် ( ၆ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအာကာမျိုးထက် | ၁၂ / ဥကတ(နိုင်)၁၅၂၁၂၀ | အမှတ် ( ၇ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်ဇင်ဝင်း | ၁၂ / ဒပန(နိုင်)၀၄၂၄၂၆ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅) | ဦးကျော်စိုးမိုးလွင် | ၁၂ / ပဇတ(နိုင်)၀၀၄၁၇၉ | အမှတ် ( ၉ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာငွေးလှ | ၁၂ / သခန(နိုင်)၀၀၆၀၉၀ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

( ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၀ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဒေါ်အေးအေးမူ(ခ)ရှားမီး | ၅/ကလထ(နိုင်)၀၂၁၇၀၇ | ကလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးသန်းထွန်းမြင့် | ၅/ကလဝ(နိုင်)၀၀၀၈၃၁ | ကလေးဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးစိန်မြင့် | ၅/မရန(နိုင်)၀၁၆၂၈၇ | မြင်းခြံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးရွှေကို | ၉/ကပတ(နိုင်)၁၂၀၈၆၃ | ကျောက်ပန်းတောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၅) | ဦးသက်နိုင်စိုး | ၁၂/ဥကတ(နိုင်)၁၄၁၀၇၀ | တောင်ဥက္ကလာပ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာဝေဖြိုးအောင် | ၁၂/သကတ(နိုင်)၁၃၈၂၆၉ | သာကေတ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးအေးနိုင် | ၁၂/လမန(နိုင်)၁၀၀၇၄၁ | ဒဂုံမြို့သစ်(တောင်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဒေါက်တာမျိုးအောင် | ၁၂/ဒဂမ(နိုင်)၀၀၈၆၂၀ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါ်မြသီတာ | ၁၂/ဒဂမ(နိုင်)၀၁၈၅၂၀ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးအောင်ဇော်ဝင်း | ၁၂/ဥကမ(နိုင်)၁၄၅၈၃၄ | မြောက်ဥက္ကလာပ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးမောင်မောင်ဦး | ၁၂/အစန(နိုင်)၁၆၃၀၁၄ | အင်းစိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဒေါ်ခင်မြတ်သူ | ၁၂/မဂဒ(နိုင်)၁၀၅၈၂၇ | မင်္ဂလာဒုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးဝင်းမင်း | ၁၂/ကမတ(နိုင်)၀၄၀၇၃၆ | လှိုင်သာယာ(အနောက်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးမြင့်လွင် | ၁၂/တတန(နိုင်)၁၀၈၂၈၅ | တွံတေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးကျော်ဇော | ၁၂/တမန(နိုင်)၀၅၀၆၅၇ | ခရမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးလွင်ကိုလတ် | ၁၂/သလန(နိုင်)၀၀၈၃၉၆ | သန်လျင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၂ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဆွတ်နောင် | ၁/ဝမန(နိုင်)၀၀၃၄၁၄ | မိုးမောက်(၁) | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| (၂) | ဦးစိုင်းအောင်လတ်(ခ) ဦးထွန်းစိန် | ၁/မမန(နိုင်)၀၀၀၄၉၅ | မိုးမောက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၃) | နန်းခင်ထွေးမြင့် | ၃/ဘအန(နိုင်)၀၂၅၆၁၅ | ဘားအံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးသန်းနိုင် | ၃/ဘအန(နိုင်)၀၂၇၃၈၂ | ဘားအံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၅) | ဦးဇော်ထက် | ၅/ပလန(နိုင်)၀၃၉၃၉၁ | ပုလဲ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမြင့်ကြည် | ၅/ပလန(နိုင်)၀၁၆၀၁၀ | ပုလဲ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၇) | ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန် | ၉/မရမ(နိုင်)၀၄၉၂၀၄ | ရှမ်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမင်းမင်းထွန်း | ၉/သပက(နိုင်)၀၃၄၂၀၈ | သပိတ်ကျင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးနိုင်ဦး | ၉/သပက(နိုင်)၀၁၂၅၅၃ | သပိတ်ကျင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးညီညီ | ၁၂/ဗဟန(နိုင်)၀၁၇၄၃၂ | ဒဂုံမြို့သစ်(တောင်ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးသိန်းနိုင် | ၁၄/မမန(နိုင်)၁၀၀၂၅၆ | ဒဂုံမြို့သစ်(တောင်ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးစောနေလင်း | ၁၂/လတန(နိုင်)၀၉၆၆၀၈ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးကျော်ကျော်မောင် | ၁၂/တမန(နိုင်)၀၉၃၂၁၉ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်ဥမ္မာထိုက် | ၁၂/တတန(နိုင်)၁၃၆၀၈၂ | တွံတေး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဒေါက်တာရည်ရည်မွန် | ၁၂/တတန(နိုင်)၀၅၉၆၅၅ | တွံတေး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဒေါ်သစ်သစ်မြင့် | ၁၂/ဥကတ(နိုင်)၀၃၆၉၁၂ | တောင်ဥက္ကလာပ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးအောင်မျိုးသန့် | ၁၂/ဥကတ(နိုင်)၁၀၀၆၀၉ | တောင်ဥက္ကလာပ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးဇော်ဝင်း(ခ) ကိုလတ် | ၁၂/အစန(နိုင်)၀၀၉၂၇၆ | အင်းစိန်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးဝေဖြိုးဟန် | ၁၂/ကတတ(နိုင်)၀၂၇၉၅၃ | အင်းစိန်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၂၀) | ဦးဝင်းသန်း | ၁၄/ငပတ(နိုင်)၀၂၈၁၄၂ | ရခိုင်တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဂျူးမိုးမြတ်မြတ်သူ | ၁၄/ကပန(နိုင်)၀၃၅၄၂၇ | ကရင်တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၃ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအောင်ဟိန်းမင်း | ၁/မညန(နိုင်)၁၇၂၇၉၅ | ဖားကန့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးအကျော့နီလအောင် | ၁/မခဘ(နိုင်)၀၀၇၆၇၈ | မချမ်းဘော | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၃) | ဦးကာစီရန်း | ၅/လရန(နိုင်)၀၀၂၆၉၁ | လေရှီး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးတိုးလုံ | ၅/လဟန(နိုင်)၀၀၄၈၀၇ | လဟယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅) | ဒေါက်တာဆင့်စိုး | ၁၂/မဘန(နိုင်)၀၁၆၂၂၀ | မိတ္ထီလာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးဇော်မင်းလွင် | ၉/မတရ(နိုင်)၀၁၄၄၉၇ | မတ္တရာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၇) | ဦးရဲလွင် | ၁၂/တကန(နိုင်)၀၀၅၅၉၉ | ရွှေပြည်သာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင် | ၁၁/ရသတ(နိုင်)၀၃၅၉၀၁ | လှိုင်သာယာ (အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၉) | ဦးလမင်းထွန်း(ခ)အဖြိုး | ၁၃/နဆန(နိုင်)၀၅၅၅၃၆ | နမ့်ဆန် | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၁၀) | ဦးအိုက်ခ | ၁၃/နမတ(နိုင်)၀၁၉၄၄၀ | မန်တုံ | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၁၁) | နန်းခမ်းဗွာ | ၁၃/ဟပန(နိုင်)၀၅၁၁၈၃ | ဟိုပုံး | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးသူရလွင် | ၁၃/ကခန(နိုင်)၀၁၀၀၁၂ | ကွတ်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးတိုးသောင် | ၉/မကန(နိုင်)၀၁၉၃၄၉ | မိုးမိတ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးခင်မောင်သီ | ၁၃/လလန(နိုင်)၀၀၅၇၇၁ | လွိုင်လင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၅ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဒေါ်သန့်ဝေကျော် | ၅/ကလထ(နိုင်)၁၅၇၅၆၈ | ကလေး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဘွဲ့ဟုတ်ထန် | ၅/ကလထ(နိုင်)၁၁၃၁၃၇ | ကလေး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအောင်သန်းကျော် | ၅/ကလဝ(နိုင်)၀၀၀၇၁၉ | ကလေးဝ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်)၀၃၀၇၆၄ | ကလေးဝ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးကျော်ငွေး | ၅/လရန(နိုင်)၀၀၂၉၂၈ | လေရှီး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးရိထင် | ၅/ဟမလ(နိုင်)၀၅၂၉၉၁ | လေရှီး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇) | ဦးရှုစ်ကြူး | ၅/ခတန(နိုင်)၀၀၅၄၂၀ | လဟယ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးကယ် | ၅/ခတန(နိုင်)၀၁၃၈၅၅ | လဟယ်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၉) | ဦးကျော်ငွေးလွင် | ၅/ဟမလ(နိုင်)၀၁၁၉၄၃ | ရှမ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါ်လါလ်ရင်းမွန် | ၄/ဖလန(နိုင်)၀၀၂၂၆၁ | ချင်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးချမ်းမြေ့ | ၉/မခန(နိုင်)၁၆၃၇၉၇ | မြင်းခြံ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးကိုကိုမောင် | ၉/မခန(နိုင်)၁၈၁၆၁၆ | မြင်းခြံ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးအေးခိုင် | ၉/ကပတ(နိုင်)၀၀၀၁၀၉ | ကျောက်ပန်းတောင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးမျိုးဆွေဦး | ၉/ကပတ(နိုင်)၁၄၃၁၆၄ | ကျောက်ပန်းတောင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးလွင်မောင်မောင် | ၈/ပမန(နိုင်)၀၈၃၂၇၂ | မိတ္ထီလာ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးနေထွန်းဝင်း(ခ) ဦးမောင်မောင်ကြီး | ၉/မထလ(နိုင်)၀၉၇၉၈၁ | မိတ္ထီလာ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးမောင်မောင်အေး | ၉/မတရ(နိုင်)၀၂၃၂၉၄ | မတ္တရာ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးမင်းမင်း | ၉/မတရ(နိုင်)၀၉၅၀၅၆ | မတ္တရာ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၉) | ဦးနိုင်ငံလင်း | ၁၂/ဥကမ(နိုင်)၁၇၆၃၈၉ | သာကေတ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်ဇင်ဦး | ၁၂/သကတ(နိုင်)၁၄၀၇၆၄ | သာကေတ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးတင်ထွန်းနိုင် | ၁၂/မဂတ(နိုင်)၀၂၃၂၇၄ | ဒဂုံမြို့သစ် (မြောက်ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၂) | ဒေါက်တာဘိုင်အို(ခ) ဒေါက်တာစိုးဝင်းဦး | ၁၄/အဂပ(နိုင်)၁၂၂၀၁၉ | ဒဂုံမြို့သစ် (မြောက်ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးဇော်လွင် | ၁၂/ဥကမ(နိုင်)၁၀၀၁၁၁ | မြောက်ဥက္ကလာပ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးလူမင်းထွန်း | ၁၂/ဥကမ(နိုင်)၁၈၃၃၉၄ | မြောက်ဥက္ကလာပ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးနေလင်းအောင် | ၁၂/သလန(နိုင်)၀၇၀၉၈၅ | သန်လျင်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၂၆) | ဦးအောင်နိုင်ထွန်း | ၁၂/သလန(နိုင်)၀၁၁၇၄၇ | သန်လျင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးမောင်မောင်မြင့်(ခ) ဦးမောင်မောင် | ၁၂/တတန(နိုင်) ၁၁၇၄၀၉ | လှိုင်သာယာ (အနောက်ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဦးမြတ်မင်းသူ | ၁၄/လပတ(နိုင်)၁၂၅၈၈၁ | လှိုင်သာယာ (အနောက်ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဒေါ်ခင်ဝေဝေ | ၉/မရတ(နိုင်)၁၂၄၄၀၉ | မင်္ဂလာဒုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဒေါ်သန္တာမိုး | ၁၂/မဂဒ(နိုင်)၁၀၆၆၇၄ | မင်္ဂလာဒုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးလှတိုး | ၁၂/ခရန(နိုင်)၀၀၀၈၁၃ | ခရမ်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးသိန်းဇော်လတ် | ၁၂/ခရန(နိုင်)၀၉၇၅၉၀ | ခရမ်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၄ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးခင်မောင်မြင့် | ၁ / ကမန(နိုင်)၀၁၈၇၈၆ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးကိုကိုနိုင် | ၅ / ကလဝ(နိုင်)၀၂၅၁၃၉ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးမင်းနိုင် | ၅ / လရန(နိုင်)၀၀၃၈၃၃ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄) | ဒေါ်ဖြူဖြူလွင် | ၁၂ / လကန(နိုင်)၁၂၈၂၄၀ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးမောင်မောင်မင်း(ခ) ဦးမင်းမောင်မောင် | ၁၂ / လမန(နိုင်)၀၂၈၈၃၇ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးခင်မောင်ရှိန် | ၁၂ / အစန(နိုင်)၁၂၀၆၃၁ | အမှတ် ( ၃ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးအေးဗိုလ် | ၁၂ / အလန(နိုင်)၀၃၁၅၀၁ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၈) | ဦးအောင်ကိုကို | ၁၃ / ရစန(နိုင်)၀၆၀၃၂၅ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၆ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးတင်အေး | ၁/မညန(နိုင်)၀၆၈၂၅၇ | မိုးညှင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဆော်ထီနီ | ၁/ဆလန(နိုင်)၀၀၁၉၂၇ | ဆော့လော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဒေါ်ကျိန်ပိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | တွန်းဇန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဒေါက်တာမင်းသိန်း | ၅/ရဥန(နိုင်)၀၀၁၉၁၄ | ရေဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးမြင့်ထွန်း | ၅/တဆန(နိုင်)၀၀၀၆၈၇ | တန့်ဆည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမျိုးညွန့် | ၅/ဟမလ(နိုင်)၀၁၅၀၉၆ | ဟုမ္မလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးကျော်စိုး | ၅/ဗမန(နိုင်)၀၁၉၈၆၈ | ဗန်းမောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၈) | ဒေါက်တာဦးကြွယ်ကြွယ် | ၁၄/ဘကလ(နိုင်)၀၀၄၇၅၀ | တောင်သာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၉) | ဦးကျောက်တယ်ချန် | ၁၃/လရန(နိုင်)၀၉၇၁၇၅ | လောက်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဝေစန်း | ၉/ခမစ(နိုင်)၀၁၁၁၂၅ | ကုန်းကြမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးအောင်မြင့်ရှိန် | ၁၃/မဘန(နိုင်)၀၀၀၀၅၉ | မဘိမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးစိုင်းထွန်းအောင် | ၁၃/မယတ(နိုင်)၀၀၂၂၅၇ | မိုင်းယောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ခွန်ထိုင်း | ၁၃/ဆဆန(နိုင်)၀၅၉၈၂၂ | ဆီဆိုင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၇ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက် ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးမင်းဆွေနိုင် | ၁ / မညန(နိုင်)၀၃၀၂၈၆ | အမှတ် ( ၇ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါ်ခင်နှင်းထွေး | ၁ / မညန(နိုင်)၀၀၃၄၈၃ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃) | ဦးခေါ်တိန့် | ၅ / စကန(နိုင်)၀၄၉၃၂၇ | အမှတ် ( ၉ ) | ဒီမိုကရေစီပါတီသစ် (ကချင်) |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၄) | ဦးကျော်မြင့်ဒွေး | ၅ / ဟမလ(နိုင်)၀၁၅၀၈၈ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၈ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးဒိုင်လွမ်း | ၁/ဆလန(နိုင်)၀၀၂၂၃၉ | ဆော့လော်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါ်ခေါ်မာဂူ | ၁၃/နခတ(နိုင်)၀၁၉၃၃၄ | ဆော့လော်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃) | ဦးရင်ထန်ဆင်ဖေး | ၁/ပတအ(နိုင်)၀၄၇၀၂၆ | မချမ်းဘော(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးစောနွဲ့ခွန်ဆိုင်ခမ်း | ၁/ပတအ(နိုင်)၀၃၁၂၀၆ | မချမ်းဘော(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅) | ဦးတင့်စိုး | ၁/ကမန(နိုင်)၀၀၉၂၂၁ | ဖားကန့်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးလဆိုင်း | ၁/ကမန(နိုင်)၀၀၉၉၀၉ | ဖားကန့်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါ်သက်သူဇာခိုင်(ခ) သက်ထားနှောင်း | ၁/မညန(နိုင်)၀၀၂၂၀၃ | မိုးညှင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမျိုးမျိုးကျော် | ၁/မညန(နိုင်)၁၁၆၈၄၇ | မိုးညှင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| | **ချင်းပြည်နယ်** | | | |
| (၉) | ဦးကမ်းခင်းမန် | ၄/တဇန(နိုင်)၀၀၂၅၀၆ | တွန်းဇန်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးပေါင်လွှန်းမင့်ထန် | ၄/တဇန(နိုင်)၀၀၂၄၀၄ | တွန်းဇန်(၂) | ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁၁) | ဦးကျော်ဆွေဝင်း | ၅/ဟမလ(နိုင်)၀၅၆၅၃၁ | ဟုမ္မလင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးမြင့်ထိုက်ဦး | ၅/ဟမလ(နိုင်)၀၆၁၆၃၅ | ဟုမ္မလင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးဝင်းရွှေ | ၅/ဗမန(နိုင်)၀၃၁၅၃၉ | ဗန်းမောက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးညီညီဟန် | ၅/ဗမန(နိုင်)၀၂၀၄၄၃ | ဗန်းမောက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးကျော်ရွှေ | ၅/တဆန(နိုင်)၀၀၁၉၃၄ | တန့်ဆည်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးမင်းလွင်(ခ) ဦးမြင့်ဦး | ၅/တဆန(နိုင်)၀၀၁၅၆၂ | တန့်ဆည်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးသန်းညွန့်(ခ) ဦးသန်းညွန့်ဝင်း | ၅/ရဥန(နိုင်)၀၀၇၀၉၅ | ရေဦး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးမြင့်ထွေး | ၅/ရဥန(နိုင်)၀၅၄၂၀၁ | ရေဦး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| | **မန္တလေးတိုင်းဒေသကြီး** | | | |
| (၁၉) | ဦးဝိုင်းချစ်အောင် | ၉/ခမစ(နိုင်)၀၁၇၂၉၀ | တောင်သာ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်မျိုးအောင် | ၉/တသန(နိုင်)၁၀၅၆၈၃ | တောင်သာ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| | **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၂၁) | ဦးအောင်ဇော်ထွေး | ၇/သနပ(နိုင်)၀၉၉၂၅၆ | ရွှေပြည်သာ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးနေလင်းအောင် | ၁၂/ကမရ(နိုင်)၀၅၆၅၆၅ | ရွှေပြည်သာ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးကျော်မြင့်(ခ) ဦးကျော်ကြီး | ၁၂/အစန(နိုင်)၀၇၈၁၀၇ | လှိုင်သာယာ (အရှေ့ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးဟန်ထူးအောင် | ၁၂/လသယ(နိုင်)၀၂၁၆၅၂ | လှိုင်သာယာ (အရှေ့ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၅) | ဒေါ်ထုမေ | ၁၁/ရဗန(နိုင်)၀၅၀၃၂၁ | ရခိုင် တိုင်းရင်းသား | တစ်သီးပုဂ္ဂလ |
| (၂၆) | နော်လှလှစိုး(ခ) နော်စူစင်နာလှလှစိုး | ၁၂/အစန(နိုင်)၀၄၃၇၅၃ | ကရင် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| | **ရှမ်းပြည်နယ်** | | | |
| (၂၇) | ဦးဇော်မြင့်(ခ) ဦးကျော်ဦး | ၁၃/နဆန(နိုင်)၀၂၃၅၇၁ | နမ့်ဆန်(၁) | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၂၈) | ဦးဝင်းထူး | ၁၃/ကမန(နိုင်)၀၆၅၁၁၀ | နမ့်ဆန်(၂) | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၂၉) | ဦးကြာထွန်း | ၁၃/ကခန(နိုင်)၀၀၃၅၃၇ | ကွတ်ခိုင်(၁) | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၃၀) | ဦးနော်အောင် | ၁၃/ကခန(နိုင်)၀၁၆၈၃၂ | ကွတ်ခိုင်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးသိန်းဇော် | ၁၃/နဆန(နိုင်)၀၃၇၂၆၀ | မန်တုံ(၁) | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၃၂) | မိုင်းနိုင်အောင်မိုး | ၁၃/မတတ(နိုင်)၀၀၅၆၈၉ | မန်တုံ(၂) | တအာင်း(ပလောင်) အမျိုးသားပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အနိုင်ရပါတီများကိုယ်စားလှယ်လောင်းဦးရေစာရင်းချုပ်

| စဉ် | ပါတီအမည် | အရေအတွက် |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၁၂ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆ ဦး |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၂ ဦး |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၁၅ ဦး |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၁၂ ဦး |
| ၆။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၈ ဦး |
| ၇။ | ရခိုင့်ဦးဆောင်ပါတီ | ၃ ဦး |
| ၈။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄ ဦး |
| ၉။ | 'ဝ' အမျိုးသားပါတီ | ၃ ဦး |
| ၁၀။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၁၂ ဦး |
| ၁၁။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၁ ဦး |
| ၁၂။ | ဒီမိုကရေစီပါတီသစ် (ကချင်) | ၂ ဦး |
| ၁၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁ ဦး |
| ၁၄။ | ကရင်ပြည်သူ့ပါတီ | ၁ ဦး |
| ၁၅။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး |
| ၁၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ ဦး |
| ၁၇။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ ဦး |
| ၁၈။ | တစ်သီးပုဂ္ဂလ | ၃ ဦး |
| | စုစုပေါင်း | ၁၀၉၉ ဦး |

## ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ဆန္ဒမဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး၌ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆက်လက်ထုတ်ပြန်ကြေညာသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာများတွင် ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။



ဆက်လက်၍ ၎င်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာ(အနောက်)မြို့နယ်၊ တွံတေးမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် အင်းစိန်မြို့နယ်၊ တွံတေးမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁)နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ထို့နောက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာ(အနောက်)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁)နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ည ၈ နာရီတွင် ကျန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ၊ မဲဆန္ဒနယ် (၁)၊ (၂)၊ (၃)၊ (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာများ၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အရှေ့)မြို့နယ်နှင့် သာကေတမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)နေရာ၊ ရခိုင်တိုင်းရင်းသားရေးရာနှင့် ကရင်တိုင်းရင်းသားရေးရာနေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို အပြီးသတ်ထုတ်ပြန်ကြေညာပေးကြောင်း သိရသည်။

**မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွဋ်**

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို သီပေါ၌ ဂုဏ်ပြုပွဲကျင်းပ

**သီပေါ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ စေတနာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမဆောင်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ အောင်ပန်းဆင်ကာ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း၊ သီပေါမြို့နယ်တွင် နယ်မြေဒေသရဲရဲကျယ်ဝန်းသည်နှင့်အမျှ တိုင်းရင်းသားများ နေထိုင်ရာသို့ ခက်ခက်ခဲခဲ ကုန်းတတန်၊ ရေတတန်ဖြင့် ခရီးကြမ်းဖြတ်သန်းသွားရပြီး တာဝန်ကျေပြွန်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတို့က တစ်ဦးချင်း ပေးအပ်ကြသည်။



အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့ဝင်များ၊ ရပ်ကျေးဥက္ကဋ္ဌနှင့် ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ၉-၁၁-၂၀၂၀ မှ ၁၃-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | အနိုင်ရပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုးများ) လွှတ်တော် |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ ဦး | ၁၃၈ ဦး | ၅၀၀ ဦး | ၁၆ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄ ဦး | ၆ ဦး | ၃၆ ဦး | - |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ ဦး | ၂ ဦး | ၂၇ ဦး | - |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ ဦး | ၄ ဦး | ၇ ဦး | - |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၂ ဦး | ၃ ဦး | ၆ ဦး | ၁ ဦး |
| ၆။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| ၇။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၂ ဦး | ၇ ဦး | - |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ ဦး | **၃ ဦး** | ၃ ဦး | - |
| ၉။ | ရခိုင့်ဦးဆောင်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၀။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ ဦး | - | ၃ ဦး | - |
| ၁၁။ | ‘ဝ’အမျိုးသားပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၂။ | ဒီမိုကရေစီပါတီသစ် (ကချင်) | - | ၁ ဦး | ၁ ဦး | - |
| ၁၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၁၄။ | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| ၁၅။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၁၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | - |
| ၁၇။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး | | ၁ ဦး | - |
| ၁၈။ | တစ်သီးပုဂ္ဂလ | - | - | ၂ ဦး | ၁ ဦး |
| | စုစုပေါင်း | ၃၁၃ ဦး | ၁၆၀ ဦး | ၆၀၈ ဦး | ၁၈ ဦး |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီဝင်များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီမှ ကော်မတီဝင်များနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီမှ ကော်မတီဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကိုကို(ကိုကို - စက်မှုတက္ကသိုလ်) နှင့် ဒေါ်နန်းကလျာဝင်း ၊ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များကို ချီးကျူးပြောကြားလိုပါကြောင်း၊ အသင်းဖြစ်မြောက်ရန်အတွက် အသင်းဖြစ်မြောက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ရာ ဖွဲ့စည်းပြီးနောက်တွင် အသင်းဖြစ်မြောက်ရေးအတွက် အစည်းအဝေးများ ဆက်တိုက်ကျင်းပ လုပ်ဆောင်ခဲ့ပါကြောင်း၊ အသင်းကို ဖွဲ့စည်းရန် စတင်ရည်ရွယ် ဆောင်ရွက်စဉ်ကတည်းက မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်းများ စနစ်တကျ၊ ပြည့်ပြည့်ဝဝ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပါကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်း လုပ်ကိုင်နေကြသူများ စုပေါင်း၍ မိမိတို့အကျိုးစီးပွားကို ဆောင်ရွက်ရင်း၊ တစ်ချိန်တည်းတွင် လုပ်ငန်းလုပ်ကိုင်သူများ အသိပညာများ တိုးပွားကာ လုပ်ငန်းများ တိုးတက်ရေးအတွက် အသိပညာများ မျှဝေရေး၊ တစ်ချိန်တည်းတွင် လုပ်ငန်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ အနေဖြင့် ထိုကဲ့သို့ လှုပ်ရှားမှုများကို ဆောင်ရွက်နေသည့်အပြင် အသင်းဖွဲ့စည်းရေးအတွက်လည်း ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း။

ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီ အနေဖြင့် သင်းဖွဲ့စည်းမျဉ်းရေးဆွဲခြင်း၊ အသင်းသားများ စည်းရုံးဖိတ်ခေါ်ခြင်း၊ အသင်း၏လုပ်ငန်းများတွင် မည်သည့်လုပ်ငန်းများ အကျုံးဝင်သည် စသည်ဖြင့် တက်တက်ကြွကြွ ဆောင်ရွက်နေကြခြင်းတို့အတွက် ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီကို ကျေးဇူးတင်ရှိပါကြောင်း၊ အသင်းအဖွဲ့များသည် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိပါကြောင်း၊ စိတ်တူကိုယ်တူ၊ လုပ်ငန်းရပ်တူသူများ စုပေါင်းဆောင်ရွက်၍ ရပါကြောင်း။

ဒစ်ဂျစ်တယ်မီဒီယာသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသည့်အချိန်တွင် မိမိတို့အနေဖြင့် တတ်အားသမျှ အားပေးကူညီရမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းသည် မီဒီယာဖြစ်သလို တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းဖြစ်ပါကြောင်း၊ မီဒီယာအလုပ်သည် မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်ပြီး စီးပွားရေးလုပ်ငန်းသည် မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော်လည်း သက်ဆိုင်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မီဒီယာနှင့် ပတ်သက်သည့် လုပ်ငန်းများသည် ကမ္ဘာတွင် ကြီးကျယ်သည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အသင်းတွင် ပါဝင်သူများ အကျိုးရှိမည်၊ နိုင်ငံအကျိုးရှိမည်ဟု ထင်မြင်ပါကြောင်း၊ ထို့အတွက် အသင်းဖြစ်မြောက်ရေး အစီအစဉ်တွင် တကယ်လက်တွေ့ ပါဝင်ကူညီနိုင်မည့် အရာများကို အစွမ်းကုန်ပါဝင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ဖြစ်မြောက်ရေးကော်မတီကို စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ပုံမှန်အစည်းအဝေးများ ဆောင်ရွက်ခဲ့မှု၊ အွန်လိုင်းဆွေးနွေးပွဲများကို နှစ်ကြိမ်ကျင်းပခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့မှု၊ ဆက်လက် ဆောင်ရွက်သွားမည့် အွန်လိုင်းဆွေးနွေးပွဲများနှင့် ဒစ်ဂျစ်တယ်မီဒီယာအသင်း ပေါ်ပေါက်လာပါက လူငယ်များ ပြုစုပျိုးထောင်ပေးနိုင်မည့် သင်တန်းများ၊ နည်းပညာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း အစီအမံများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ မြန်မာဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးမှ ပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များနှင့် ယင်းတို့အတွက် အသင်းရုံးခန်း တစ်ခန်း လိုအပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဒုတိယ ဥက္ကဋ္ဌ ဦးကိုကို(ကိုကို -စက်မှုတက္ကသိုလ်)က သင်းဖွဲ့မှတ်တမ်း မူကြမ်းပြုစုပြီးဖြစ်ကြောင်း၊ သင်းဖွဲ့စည်းမျဉ်းအား အခန်း (၁၁) ခန်းကို အခြေခံ၍ရေးဆွဲနေခြင်း၊ ဒစ်ဂျစ်တယ်မီဒီယာ၏ အနက်ဖွင့်ဆိုချက်နှင့် ယင်းနှင့်ဆက်စပ်ပြီး အသင်းသားများ၏ အရည်အချင်းများ၊ အသင်းဖွဲ့စည်းပုံ၊ ဆက်လက်ရေးဆွဲရန် ကျန်ရှိနေသည်များကို ယခုလကုန်နှင့် ဒီဇင်ဘာလဆန်းအပြီး ရေးဆွဲမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းက မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ရွေးကောက်ပွဲ ကျင်းပမည့် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မကြာမီ အသင်းသားများ စတင်စည်းရုံးမည့် အခြေအနေ၊ အသင်းရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်မည့် ကိစ္စများ၊ ဒီဇင်ဘာ ၂၅ ရက် မတိုင်မီ သို့မဟုတ် ဇန်နဝါရီလဆန်းတွင် အသင်းကြီး ပေါ်ပေါက်လာရေးအတွက် အသင်းရွေးကောက်ပွဲကို အခြေအနေအရ ပုံမှန် သို့မဟုတ် အွန်လိုင်းဖြင့် ကျင်းပသွားနိုင်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးမင်းဆွေလှိုင်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးပေါ်ပေါက်လာပါက ဆောင်ရွက်သွားနိုင်သည့်ကိစ္စများ၊ ထိုလုပ်ငန်းများဆောင်ရွက်ရန် သင့်လျော်သည့် ရုံးခန်းတစ်ခု ပြင်ဆင်ခင်းကျင်း ဆောင်ရွက်နိုင်ရန်အခြေအနေများကို ရှင်းလင်းတင်ပြသွားသည်။

ဆက်လက်ပြီး ဦးသောင်းစုငြိမ်းနှင့် ဦးကိုကိုတို့က လိုအပ်သည်များကို ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဆွေးနွေးပြောကြားရာတွင် ဒီမိုကရေစီလူ့ဘောင်တစ်ခုတွင် မီဒီယာ၏ တာဝန်သည် ပြီးဆုံးသွားပြီဟူ၍ မရှိပါကြောင်း၊ ဆက်လက်ကြိုးပမ်းဆောင်ရွက်စရာများ ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာအသင်း ပေါ်ပေါက်ရေးသည် ရှောင်လွှဲမရသည့် တာဝန်တစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာအနှံ့တွင် ဒစ်ဂျစ်တယ်ကူးပြောင်းမှု အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေချိန်တွင် မိမိတို့နိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာအသင်း ပေါ်ထွန်းလာရေးသည်၊ ဒစ်ဂျစ်တယ်ခေတ်တွင် အမီလိုက်နိုင်ရန်သည် အင်မတန်အရေးကြီးသည့် အ စိတ်အပိုင်းတစ်ခု ဖြစ်ပါကြောင်း၊ နောက်ကျသည်ဟုမဆိုနိုင်သေးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ ပါ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပသတင်း ကော်လံ(၁)တွင် ဖော်ပြထားသည့် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော WHO STEPS Survey အစီရင်ခံစာအရ အသက် (၁၅) နှစ် မှ (၆၄) နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူသည် (၁၀.၅) ရာခိုင်နှုန်းရှိနေပြီး ရောဂါ၏ နောက်ဆက်တွဲပြဿနာများဖြင့် သေဆုံးသူ (၁၉.၇) ရာခိုင်နှုန်း ရှိပါကြောင်း (အစား) ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော WHO STEP Survey အစီရင်ခံစာအရ အသက် (၂၅) နှစ်မှ (၆၄) နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားသူသည် (၁၀.၅) ရာခိုင်နှုန်းရှိနေပြီး ဆီးချိုသွေးချိုရောဂါအကြိုအဆင့်ဖြစ်ပွားသူ (၁၉.၅) ရာခိုင်နှုန်းရှိပါကြောင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**

## သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# လယ်ဝေးမြို့နယ်ရှိ သမဝါယမအသင်းသားများအား စုဆောင်းငွေပေါ် အတိုးထုတ်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော် လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာအုပ်စု ရွှေမူလယ်ယာနှင့်အထွေထွေ စီးပွားရေး သမဝါယမအသင်းရှိ China EXIM Bank ချေးငွေ ရယူထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော သမဝါယမအသင်းသား ၁၂၅ ဦးကို ၎င်းတို့၏ စုဆောင်းငွေများအပေါ် အတိုးထုတ်ပေးခဲ့သည်။

နေပြည်တော် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အသင်းသားများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် လိုအပ်သော ငွေကြေး အရင်းအနှီး ရရှိရန် အသင်းက သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ချေးငွေတစ်ကြိမ် ချေးတိုင်း ၁၀ ရာခိုင်နှုန်း မဖြစ်မနေ စုဆောင်း ရကြောင်း၊ အသင်းသားများ စုဆောင်းငွေပေါ် တွင်လည်း တစ်ရာသီတစ်ကြိမ် အတိုးများထုတ်ပေးလျက်ရှိကြောင်း ပြောကြားပြီး အသင်းသား ၁၂၅ ဦးအား စုဆောင်းငွေအပေါ် အတိုး ၁၅ ရာခိုင်နှုန်း၊ ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သီဟစည်သူ**

# ကန်ပက်လက်မြို့၌ ရေမီတာစနစ်ကျင့်သုံး၍ တစ်ယူနစ်လျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် စတင်ကောက်ခံမည်

**ကန်ပက်လက် နိုဝင်ဘာ ၁၃**

ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့၌ ရေခွန်အား ယခင်နှစ်တစ်နှစ်လျှင် တစ်ကြိမ် စည်းကြပ်ကောက်ခံသည့်အစား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ရေမီတာစနစ်ကျင့်သုံး၍ တစ်ယူနစ်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် လစဉ် နှစ်လ တစ်ကြိမ် စတင်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေမီတာစနစ်ကျင့်သုံးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ငွေကျပ်သန်း ၁၅ ဒသမ ၀၀၀ ဖြင့် ရေမီတာအလုံး ၁၀၀၀ ကို တပ်ဆင်ခဲ့ကြပြီးနောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကောက်ခံရန်အတွက် ဆောင်ရွက်ကြရာ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

ကန်ပက်လက်မြို့တွင်း ရေဖြန့်ဝေရေးအတွက် ရေထွက်ပင်ရင်းလေးနေရာမှ အဆင့်ဆင့် ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ရေမီတာအရ တစ်ယူနစ်လျှင် ရေပမာဏ ၂၆၄ ဂါလန်ရှိကြောင်းနှင့် မိမိတို့အသုံးပြုသည့် ရေပမာဏအတိုင်း ရေခွန်ပေးဆောင်ရမည်ဖြစ်၍ ဖြုန်းတီးမှုများကို အလိုလိုလျှော့ချပေးမည်ဖြစ်ပြီး မိမိတို့စည်ပင်သာယာရေးအဖွဲ့အနေဖြင့်လည်း ရသင့်သည့်အခွန်များကို ရရှိလာမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိ ဦးအေးကိုက ပြောကြားသည်။ **ကိုလီန်း(ပြန်/ဆက်)**



# ဗြိတိန်၌ ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးစံချိန်သစ်ရောက်ရှိ

လန်ဒန် နိုဝင်ဘာ ၁၃

**ဗြိတိန်၌ နိုဝင်ဘာ ၁၂ ရက်တွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၃၃၄၇၀ ရှိခဲ့ရာ နိုင်ငံအတွင်း ကပ်ရောဂါစတင်ကူးစက်ဖြစ်ပွားခဲ့ချိန်မှစတင်ကာ ရောဂါကူးစက်မှု အများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ရောက်ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။**

ဗြိတိန်တစ်နိုင်ငံလုံးရှိ ကိုဗစ်– ၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်းမှာ ယခုအခါ ၁၂၉၀၁၉၅ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၁ ရက်က ရောဂါထပ်မံကူးစက်ခံရသူ ၂၂၉၅၀ စစ်ဆေးတွေ့ရှိခဲ့ကာ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၉၅ ဦး ထပ်တိုးကြောင်း ကြေညာခဲ့သည်။

အဆိုပါ သေဆုံးသူအရေအတွက်သည် ပြီးခဲ့သည့် မေ ၁၂ ရက်မှ စတင်ကာ သေဆုံးမှုအများဆုံးပမာဏဖြစ်ပြီး တစ်နိုင်ငံလုံး သေဆုံးသူ စုစုပေါင်း ၅၀၃၆၅ ဦးအထိ ရောက်ရှိလာစေခဲ့သည်။

ဗြိတိန်ပြည်သူ့ကျန်းမာရေးဌာနမှ အပတ်စဉ်စစ်တမ်းကောက်ယူမှုနောက်ဆုံးရ အချက်အလက်များအရ အသက် ၂၀ မှ ၂၉ နှစ်အတွင်း ကိုဗစ်– ၁၉ ကူးစက်ခံရသည့် လူနာများအတွင်း သေဆုံးမှုနှုန်း ဆက်လက်တိုးလာနေကြောင်း သိရသည်။

**ဆင်ဟွာ**

---

## နျူကလီးယားသဘောတူစာချုပ်ကို အီရန်ဆက်လက်ချိုးဖောက်နေကြောင်း အိုင်အေအီးအေ ပြော

**ဗီယင်နာ နိုဝင်ဘာ ၁၃**

၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ကို အီရန်က ဆက်လက်ချိုးဖောက်နေကြောင်း ကုလသမဂ္ဂနျူကလီးယား စောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

အီရန်၏နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်သည့် အစီရင်ခံစာကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက နိုဝင်ဘာ ၁၁ ရက်တွင် ဘုတ်အဖွဲ့အစည်းအဝေး၌ ဖော်ပြခဲ့သည်။

အီရန်၏ သန့်စင်ယူရေနီယံသိုလှောင်မှုပမာဏသည် ကန့်သတ်ထားသည့် ပမာဏ၏ ၁၂ ဆခန့် ကျော်လွန်လာနေပြီဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံက အဆင့်မြင့် ယူရေနီယံသန့်စင်စက်များကို အီရန်နိုင်ငံအလယ်ပိုင်းရှိ နျူကလီးယား အဆောက်အအုံတစ်ခု၏ မြေအောက်ထဲသို့ ပြောင်းရွှေ့ရန်စီစဉ်နေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ယူရေနီယံ သန့်စင်ထုတ်လုပ်မှုကို အီရန်က အပြည့်အဝပြန်လည်စတင်ခဲ့မည်ဆိုပါက ၎င်း၏လုပ်ဆောင်ချက်သည် နျူကလီးယား သဘောတူစာချုပ်ကို နောက်ထပ်ချိုးဖောက်ရာရောက်မည်ဖြစ်ကြောင်း အိုင်အေအီးအေ၏ အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

အီရန်၏ နျူကလီးယားအရေးနှင့်ပတ်သက်၍ အိုင်အေအီးအေက နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်မည့် အစည်းအဝေး၌ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

## ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားမှု မဖြစ်စေရေး တောင်အာဖရိကသမ္မတ သတိပေးချက်ထုတ်ပြန်

**ဂျိုဟန်နစ္စဘတ် နိုဝင်ဘာ ၁၃**

တောင်အာဖရိကနိုင်ငံရှိ အချို့ဒေသများတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရမှုများ ဖြစ်ပွားလျက်ရှိရာ ပြည်သူများအနေဖြင့် ပေါ့ပေါ့ဆဆမနေကြရန် သမ္မတ ဆိုင်ရယ်လ် ရာမာဖိုဆာက နိုဝင်ဘာ ၁၁ ရက်တွင် ရုပ်မြင်သံကြားမိန့်ခွန်းမှတစ်ဆင့် ပြောကြားခဲ့သည်။

အရှေ့ကိပ်ပြည်နယ်၌ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရောဂါကူးစက်မှု ထပ်မံပေါ်ပေါက်သည့်လက္ခဏာများ တွေ့ခဲ့ရပြီး ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက်မှာ ယခင်ရက်သတ္တပတ်များက ၅၀ ရာခိုင်နှုန်း ပိုများလာခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ရောဂါကူးစက်မှု ပိုများလာသည့်အခြေအနေကို ထိန်းချုပ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေကြောင်း သမ္မတက ပြောကြားခဲ့သည်။

ရောဂါထပ်မံကူးစက်ဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောင်အာဖရိကတွင်ချထားသည့် အရေးပေါ်အဖွဲ့များနှင့် အရေးပေါ်အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သမ္မတ ရာမာဖိုဆာက ပြောကြားခဲ့သည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၇၄၂၃၉၄ ဦးရှိပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၂၀၀၁၁ ဦး ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

---

# ကာလတိုအတွက် တိုင်းပြည်ကို ဦးဆောင်ရန် ပြန်လာနိုင်သည်ဟု မဟာသီယာ အရိပ်အမြွက်ပြော

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၃**

ပြည်သူများဆန္ဒရှိပါက ကာလတိုအတွင်း တိုင်းပြည်ကို ဦးဆောင်ရန် အသင့်ရှိသည်ဟု မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က အရိပ်အမြွက်ပြောကြားခဲ့သည်။

အသက် ၉၅ နှစ် ရှိပြီဖြစ်သော မဟာသီယာသည် အင်န်အိတ်ချ်ကေနှင့် အင်တာဗျူးတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

မလေးရှားနိုင်ငံသည် ဖေဖော်ဝါရီလမှစတင်ကာ နိုင်ငံရေး ဝရုန်းသုန်းကားအခြေအနေတွင် နစ်နေခဲ့ရသည်။

အာဏာရပါတီအတွင်း အတိုက်အခိုက်များကြောင့် ဝန်ကြီးချုပ် မဟာသီယာ နုတ်ထွက်ခဲ့သည့်အချိန်မှစတင်ကာ အခြေအနေမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာရခြင်းဖြစ်သည်။

ယခင်ပြည်ထဲရေးဝန်ကြီးဟောင်း မူယစ်ဒင်ယက်ဆင်က မတ်လမှစတင်ကာ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။

သို့သော်လည်း ၎င်း၏အစိုးရအဖွဲ့မှာ အခြားသောအတိုက်အခံအုပ်စုများကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရသည်။

တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရန် ဆန္ဒရှိသလားဟု အင်န်အိတ်ချ်ကေက မေးမြန်းခဲ့သည်။ ဝန်ကြီးချုပ်အဖြစ်မဟုတ်ဘဲ တိုင်းပြည်ကို ကာလတိုအတွက် ဦးဆောင်ကောင်း ဦးဆောင်နိုင်သည်ဟု မဟာသီယာက ဖြေကြားခဲ့သည်။

သို့သော်လည်း ယင်းအချက်မှာ ပြည်သူများ၏ ဆန္ဒအပေါ်မူတည်သည်ဟု ၎င်းကဖြေကြားခဲ့သည်။

မဟာသီယာသည် ၎င်း၏အသက်အရွယ်ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်။

---

# ဂျပန်နိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်– ၁၉ ကူးစက်ခံရမှု ပြန်လည်များလာ

**တိုကျို နိုဝင်ဘာ ၁၃**

ဂျပန်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၆၄၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်– ၁၉ ကူးစက်ခံရသူ ပြန်လည်တိုးလာသည်။

ရာသီဥတုမှာ တဖြည်းဖြည်းအေးလာပြီး လူများမှာ အဆောက်အအုံအတွင်းသာ ပို၍နေထိုင်လာကြသည်။

ဂျပန်နိုင်ငံတွင် ဩဂုတ် ၇ ရက်က ကူးစက်ခံရသူ ၁၆၀၅ ဦးဖြင့် စံချိန်တင်ထားပြီး နိုဝင်ဘာ ၁၂ ရက်တွင် တွေ့ရှိရသည့်လူနာသစ်ဦးရေမှာ ယင်းပမာဏထက် ပို၍များပြားသည်ကို တွေ့ရသည်။

လူဦးရေ ၁၄ သန်းနေထိုင်သည့် တိုကျိုမြို့တွင် နေ့စဉ်ကူးစက်မှုမှာ ၃၉၃ ဦးရှိပြီး ခရိုင် ၄၇ ခုတွင် ကူးစက်မှုအမြင့်ဆုံးဖြစ်သည်ဟု တိုကျိုမြို့ အာဏာပိုင်များက ပြောသည်။

ဩဂုတ် ၈ ရက် နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တိုကျိုတွင် နေ့စဉ်ကူးစက်မှုမှာ ၃၉၀ ကျော်လာခြင်းဖြစ်သည်။

ရောဂါကူးစက်မှု ပြန်ဖြစ်လာခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးရန် တိုကျိုအာဏာပိုင်များနှင့် ကျွမ်းကျင်သူများ ဆွေးနွေးခဲ့ကြသည်။

အကယ်၍ ကူးစက်မှုနှုန်း ယခုအတိုင်းသာ ဆက်လက်တိုးနေပါက တစ်လအတွင်း အခြေအနေ ဆိုးရွားလာနိုင်သည်ဟု သိရသည်။

လက်ရှိအခြေအနေမှာ စိုးရိမ်ရသည့် အခြေအနေဖြစ်သည့်အတွက် ရောဂါကာကွယ်ရေး အစီအမံများကို ပြည်သူများ အထူးအလေးပေးလိုက်နာကြရန် တိုကျို အုပ်ချုပ်ရေးမှူး ယူရီကို ကိုအီကီက ပြောသည်။

**ဆင်ဟွာ**



တိုကျိုမြို့ ရထားပေါ်တွင်လိုက်ပါလာကြသူများကို တွေ့ရစဉ်။




# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်နေသော သမ္မတရုံးဝန်ကြီးဌာန၏ ဝန်ကြီးရုံးသစ်၊ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်က တည်ဆောက်ရေးလုပ်ငန်း လျာထားချက်နှင့် ပြီးစီးမှုအခြေအနေ၊ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်ကဏ္ဍအလိုက် ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးက မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ထားကြောင်းနှင့် မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မီးသတ်ကိရိယာများနှင့် သီးသန့် ရေပိုက်လိုင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခု တည်ဆောက်နေသည့် အဆောက်အအုံကို အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)အနေဖြင့် အဆောက်အအုံ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စံပြဖြစ်အောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ သတ်မှတ် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီအောင် အထူးအလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရာသေသပ်ကောင်းမွန်ရေးနှင့် ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းဆောင်ရွက်ရန်လိုပါကြောင်း၊ နောင်တစ်ချိန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဆောက်အအုံ ဒီဇိုင်းအသေးစိတ်ကို သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးရန်လိုပါကြောင်း၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်ပါရှိရေးနှင့် လုပ်ငန်းခွင်ဆောင်ရွက်နေသည့် လုပ်သားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့် အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

### လုပ်ငန်းလိုအပ်ချက်များ မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သံကူကွန်ကရစ်(၃)ထပ် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ အချောသပ်ဆောင်ရွက်နေမှုအခြေအနေနှင့် လျှပ်စစ်နည်းပညာပိုင်း ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)မှ သမ္မတရုံးဝန်ကြီးဌာန၏ ဝန်ကြီးရုံးသစ်၊ သံကူကွန်ကရစ် သုံးထပ်၊ ၁၃၂၈၆၀ စတုရန်းပေရှိသည့် အဆောက်အအုံကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး ၉၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် တည်ဆောက်နေသည့် သုခဝတီအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ လက်ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအတွက် အိမ်ရာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အိမ်ရာစီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က မြို့ပြ၊ ရေသန့်၊ လျှပ်စစ်ကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်မြေပုံရာဇဝင်များနှင့် ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအပြင် ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အငှားအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအိမ်ရာစီမံကိန်းများကို အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုခဝတီအိမ်ရာစီမံကိန်းအတွင်းရှိ တည်ဆောက်ပြီးအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

သုခဝတီအိမ်ရာစီမံကိန်း (နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အငှားအိမ်ရာ)ကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းဘေး မြေဧရိယာ ၃၃ ဧကရှိ မြေပေါ်တွင် ယူနစ် ၃၀၀ ၁၂ ခန်းတွဲ ငါးထပ် ငါးလုံး၊ ယူနစ် ၁၂၀ ၁၂ခန်းတွဲ ငါးထပ်နှစ်လုံး၊ ယူနစ် ၁၀၀ လေးခန်းတွဲ ငါးထပ်ငါးလုံး၊ ၄၁၆ ယူနစ် လေးခန်းတွဲ ငါးထပ် ၂၆ လုံး၊ ၂၈၈ ယူနစ် လေးခန်းတွဲ ငါးထပ် ၁၈ လုံးတို့ကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၅/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုများသည် ယခုအခါ တာဝန်ရှိသည့်ပုဂ္ဂိုလ်များ၊ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည့်အတွက် အမြန်ဆုံးထိန်းထားနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်ကလည်း ရခိုင်ပြည်နယ်သို့ အတတ်နိုင်ဆုံးကူညီပံ့ပိုးမှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သည့်ပစ္စည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများပါ ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည့်အတွက် ထိန်းထားနိုင်သည့် အနေအထားမျိုးရရှိနိုင်ပြီဟု ပြောလို့ရပါကြောင်း၊ သို့သော်လည်း ယခုအခြေအနေအပေါ်တွင် ပေါ့ဆနေ၍မရပါကြောင်း၊ လုံးဝပပျောက်သွားသည့်အနေအထားလည်းမရှိသေးပါကြောင်း၊ သိသိသာသာ လျော့နည်းသွားပြီဟုလည်း ပြော၍မနိုင်သေးပါကြောင်း၊ ကြိုတင်ကာကွယ်သည့်လုပ်ငန်းများကို ထိထိရောက်ရောက် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး တစ်ဦးချင်းလိုက်နာဆောင်ရွက်မှ အထူးသဖြင့် ပြည်သူများပူးပေါင်းပါဝင်ကာ ကြိုတင်ကာကွယ်မှုများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ရာသီဥတု ပြောင်းလာပြီဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါအပြင် တုပ်ကွေးရောဂါနှင့် ဆက်စပ်ပြီး အခြားသောရောဂါများလည်း ဖြစ်လာနိုင်သည့်အနေအထားတွင် အသိပညာပေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ပေးခြင်းဖြင့် ပြည်သူများသည် ကျန်းမာရေးအသိ ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ဆောင်ခဲ့သော အတွေ့အကြုံများတွင် အားသာချက်၊ အားနည်းချက်များ၊ လိုအပ်ချက်များကို သုံးသပ်ပြီး မိမိတို့တာဝန်ယူထားကြသည့် ကော်မတီအလိုက် ဆွေးနွေး ပေးကြစေလိုကြောင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စများရှိလျှင်လည်း ညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုအစိုးရ၊ ဗဟိုကော်မတီတို့နှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ယခုအခြေအနေတွင်သုံးသပ်ပြီး ပွင့်ပွင့်လင်းလင်းဖြင့် အကောင်းဆုံးဖြစ်အောင် ဆွေးနွေးပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်းက ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။




ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်နှင့် မင်းဂံရပ်ကွက်တို့တွင် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ် ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် ၄၀၀၀၀ စီအား သွားရောက်ထောက်ပံ့ပေးအပ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီများမှ ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၄၅) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၈၅ |
| | | မြောက်ဥက္ကလာပ | ၆၃ |
| | | မင်္ဂလာဒုံ | ၅၉ |
| | | တောင်ဥက္ကလာပ | ၅၃ |
| | | အင်းစိန် | ၄၆ |
| | | မရမ်းကုန်း | ၄၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၃ |
| | | သဃ်န်းကျွန်း | ၃၈ |
| | | သန်လျင် | ၃၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၂ |
| | | မှော်ဘီ | ၂၉ |
| | | လှိုင် | ၂၈ |
| | | ရွှေပြည်သာ | ၂၃ |
| | | တာမွေ | ၂၃ |
| | | မင်္ဂလာတောင်ညွန့် | ၁၈ |
| | | ဗဟန်း | ၁၇ |
| | | သာကေတ | ၁၄ |
| | | ရန်ကင်း | ၁၄ |
| | | ကျောက်တန်း | ၁၄ |
| | | လှည်းကူး | ၁၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | လမ်းမတော် | ၁၀ |
| | | တွံတေး | ၁၀ |
| | | ကမာရွတ် | ၉ |
| | | စမ်းချောင်း | ၉ |
| | | တိုက်ကြီး | ၆ |
| | | ဒဂုံ | ၉ |
| | | ထန်းတပင် | ၅ |
| | | ကွမ်းခြံကုန်း | ၅ |
| | | ဒဂုံဆိပ်ကမ်း | ၅ |
| | | ဒလ | ၄ |
| | | အလုံ | ၄ |
| | | ဒေါပုံ | ၃ |
| | | ကြည့်မြင်တိုင် | ၃ |
| | | ဗိုလ်တထောင် | ၂ |
| | | ပုဇွန်တောင် | ၂ |
| | | ကော့မှူး | ၂ |
| | | ခရမ်း | ၂ |
| | | လသာ | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၈၀၇ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၃၀ |
| | | အောင်မြေသာဇံ | ၁၄ |
| | | အမရပူရ | ၁၄ |
| | | ချမ်းအေးသာစံ | ၁၁ |
| | | ချမ်းမြသာစည် | ၆ |
| | | စဉ့်ကိုင် | ၅ |
| | | ပုသိမ်ကြီး | ၄ |
| | | မတ္တရာ | ၃ |
| | | မြင်းခြံ | ၃ |
| | | ပြည်ကြီးတံခွန် | ၂ |
| | | တောင်သာ | ၁ |
| | | မလှိုင် | ၁ |
| | | နွားထိုးကြီး | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၉၆ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၉ |
| | | ဝေါ | ၁၄ |
| | | ညောင်လေးပင် | ၁၀ |
| | | တောင်ငူ | ၆ |
| | | ကြို့ပင်ကောက် | ၆ |
| | | အုတ်ဖို | ၃ |
| | | ပြည် | ၂ |
| | | သာယာဝတီ | ၂ |
| | | ဖြူး | ၁ |
| | | လက်ပံတန်း | ၁ |
| | | ဒိုက်ဦး | ၁ |
| | | ရေတာရှည် | ၁ |
| | | ကျောက်ကြီး | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၄။ | မွန်ပြည်နယ် | ကျိုက်ထို | ၁၉ |
| | | သထုံ | ၁၇ |
| | | မုဒုံ | ၁ |
| | | ချောင်းဆုံ | ၁ |
| | | စုစုပေါင်း | ၃၈ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၆ |
| | | မအူပင် | ၄ |
| | | ကြံခင်း | ၃ |
| | | ကျောင်းကုန်း | ၃ |
| | | လပွတ္တာ | ၂ |
| | | ဘိုကလေး | ၂ |
| | | ညောင်တုန်း | ၂ |
| | | ဓနုဖြူ | ၂ |
| | | အိမ်မဲ | ၂ |
| | | အင်္ဂပူ | ၂ |
| | | မြန်အောင် | ၂ |
| | | ဖျာပုံ | ၂ |
| | | ကျိုက်လတ် | ၁ |
| | | ရေကြည် | ၁ |
| | | ဝါးခယ်မ | ၁ |
| | | ကျုံပျော် | ၁ |
| | | စုစုပေါင်း | ၃၆ |
| ၆။ | ရခိုင်ပြည်နယ် | ရသေ့တောင် | ၂၁ |
| | | ဘူးသီးတောင် | ၅ |
| | | မောင်တော | ၃ |
| | | အမ်း | ၂ |
| | | ကျောက်ဖြူ | ၂ |
| | | မြောက်ဦး | ၁ |
| | | မာန်အောင် | ၁ |
| | | စုစုပေါင်း | ၃၅ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၅ |
| | | မကွေး | ၄ |
| | | သရက် | ၂ |
| | | ဆင်ပေါင်ဝဲ | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၈။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၆ |
| | | ကော့ကရိတ် | ၃ |
| | | ဘားအံ | ၂ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၃ |
| | | ကလေး | ၁ |
| | | ကသာ | ၁ |
| | | ဗန်းမောက် | ၁ |
| | | ဆားလင်းကြီး | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၀။ | နေပြည်တော် | လယ်ဝေး | ၅ |
| | | ပျဉ်းမနား | ၁ |
| | | ဇေယျာသီရိ | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | ကချင်ပြည်နယ် | မိုးမောက် | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၂။ | ရှမ်းပြည်နယ် | ဖယ်ခုံ | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ချင်းပြည်နယ် | မင်းတပ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၄၅) ဦး |

မှတ်ချက်။ (၁၂-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၄၅) ဦးတွင် အနံ့မရရှိသူ (၂၄၉) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## တွံတေး၌ ဟင်းသီးဟင်းရွက်၊ သား၊ ငါး အပါအဝင် အခြေခံစားကုန်များ ကားများဖြင့် လိုက်လံရောင်းချ

**တွံတေး နိုဝင်ဘာ ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ ပူးပေါင်း၍စီစဉ်ဆောင်ရွက်သော မြို့နယ်များအတွင်း ဈေးကားများ လှည့်လည်ရောင်းချပေးသည့် အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင်လည်း နိုဝင်ဘာ ၁၃ ရက်မှစ၍ ဈေးကားများ စတင်ရောင်းချခဲ့သည်။ **(အောက်ပုံ)**

တွံတေးမြို့ အုန်းပင်စုရပ်ကွက် ရွှေဆံတော်ဘုရားလမ်းမကြီးပေါ် အထက (၁) ကျောင်းရှေ့၌ ဈေးကားများဖြင့် လာရောက်ရောင်းချခဲ့ခြင်းဖြစ်ပြီး ဈေးကားများဖြင့် ရပ်ကွက်များအတွင်း ဈေးရောင်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးအတွက်လည်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဆွေ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိနှင့် ဈေးကော်မတီဝင်များက ကြည့်ရှုစစ်ဆေးကြသည်။



အုန်းပင်စုရပ်ကွက်မှ ဒေသခံတစ်ဦးက "အခုလို သန့်ရှင်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်နဲ့ သားငါးတွေကို တွံတေးမြို့အထိ လာရောင်းပေးတဲ့အတွက် ဝယ်ရတာ တော်တော်အဆင်ပြေပါတယ်၊ တစ်ပတ်နှစ်ကြိမ်လောက် လာရောင်းပေးနိုင်ရင် ပြည်သူတွေအနေနဲ့ ဈေးသက်သာပြီး လတ်ဆတ်တဲ့ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်တွေကို စားသုံးနိုင်မှာပါ" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ ဝေးကွာသော ဈေးများသို့ သွားရောက်ဝယ်ယူရသည့်အစား ဈေးကားများတွင် ဝယ်ယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားမှုအရ ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုဈေးကားများတွင် သန့်ရှင်းလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်များကို ရောင်းချပေးနေကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



## ဗဟန်းမြို့နယ်ရှိ အနေးယာဉ်လုပ်သားများအား အခြေခံစားသောက်ကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလအတွင်း ဗဟန်းမြို့နယ်အတွင်းရှိ အနေးယာဉ်လုပ်သားကြီးများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အောင်ချမ်းသာအိမ်ရာရှေ့၌ ပြုလုပ်သည်။ အဆိုပါ လှူဒါန်းပွဲသို့ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ တိုင်းဒေသကြီး (၁) ရွေးကောက်ခံကိုယ်စားလှယ် ဒေါ်နီနီအောင်၊ တိုင်းဒေသကြီး (၂) ရွေးကောက်ခံကိုယ်စားလှယ် ဒေါ်ရီရီမြတို့နှင့် မြို့နယ်လူငယ်လုပ်ငန်းအဖွဲ့တို့က မြို့နယ်အတွင်းရှိ ရေတာရှည်၊ ကြားတောရ၊ ရွှေနံ့သာ၊ မြို့မရပ်ကွက်တို့မှ အနေးယာဉ်လုပ်သားကြီးများအား တစ်ဦးလျှင် ဆန် ခြောက်ပြည်တစ်အိတ်၊ ဆီ ၅၀ ကျပ်သား တစ်ဘူး၊ ငါးသေတ္တာ ငါးဘူး၊ ခေါက်ဆွဲခြောက် ၁၀ ထုပ် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဗဟန်းမြို့နယ်အတွင်းရှိရပ်ကွက်များမှ အနေးယာဉ်လုပ်သားကြီးများကို ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ချက်နှင့်အညီ နေ့ရက်အလိုက် ဆက်လက်လှူဒါန်းပေးသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**အာကာစိုး**

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၃၆ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၃–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၂၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၃၆) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၃-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၅၀၃) ခု | (၁၉၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၇၃၄) ခု | (၇၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၇၂) ခု | (၁၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၅၆) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၂) ခု | (၁၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၂) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၃) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၆) ခု | (၂၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၆၄၆) ခု | (၅၁၁) ဦး |
| **စုစုပေါင်း** | (၁၅,၂၈၁) ခု | (၁,၁၃၆) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၃-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၂၈၁) ဦး | (၈၆၉,၂၂၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၃၆) ဦး | (၆၆,၇၃၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၇၇၃) ဦး | (၅၀,၃၃၆) ဦး |
| သေဆုံးလူနာ | (၂၆) ဦး | (၁,၅၃၄) ဦး |

- ယနေ့ **သေဆုံးသူ (၂၆) ဦး** အနက် ရောဂါအခံရှိသူ (၁၆) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၇၇၃) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၁၅၄) ဦး
  - COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၆၁၉) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၇၆၉)ဦးတွင်–
  - Hotel Quarantine – (၂၂၈) ဦး
  - Facility Quarantine – (၆၈၇) ဦး
  - Community Based Facility Quarantine – (၇၄၆) ဦး
  - Anosmia Center – (၁၀၈) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၃-၁၁- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၈၇၃၉၃၆ | ၆၇၂၈၁၂၀ | ၂၄၈၅၈၅ |
| ၂။ | အိန္ဒိယ | ၈၇၂၉၁၉၀ | ၈၁၁၅၅၈၀ | ၁၂၈၇၂၂ |
| ၃။ | ဘရာဇီး | ၅၇၈၃၆၄၇ | ၅၂၅၆၇၆၇ | ၁၆၄၃၃၂ |
| ၄။ | ပြင်သစ် | ၁၈၉၈၇၁၀ | ၁၃၄၉၅၄ | ၄၂၉၆၀ |
| ၅။ | ရုရှား | ၁၈၈၀၅၅၁ | ၁၄၀၆၉၀၃ | ၃၂၄၄၃ |
| ၆။ | စပိန် | ၁၄၈၄၈၆၈ | စိစစ်ဆဲ | ၄၀၄၆၁ |
| ၇။ | ဗြိတိန် | ၁၂၉၀၁၉၅ | စိစစ်ဆဲ | ၅၀၉၂၈ |
| ၈။ | အာဂျင်တီးနား | ၁၂၈၄၅၁၉ | ၁၁၀၀၁၈၀ | ၃၄၇၈၂ |
| ၉။ | ကိုလံဘီယာ | ၁၁၇၄၀၁၂ | ၁၀၈၁၆၉၁ | ၃၃၄၉၁ |
| ၁၀။ | အီတလီ | ၁၀၆၆၄၀၁ | ၃၈၇၇၅၈ | ၄၃၅၈၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃– ၁၁ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၅၇၇၃၅ | ၃၈၅၀၉၄ | ၁၅၀၃၇ |
| ဖိလစ်ပိုင် | ၄၀၄၇၁၃ | ၃၆၂၉၀၃ | ၇၇၅၂ |
| မြန်မာ | ၆၆၇၃၄ | ၅၀၃၃၆ | ၁၅၃၄ |
| စင်ကာပူ | ၅၈၁၁၄ | ၅၈၀၀၂ | ၂၈ |
| မလေးရှား | ၄၅၀၉၅ | ၃၂၉၆၉ | ၃၀၄ |
| ထိုင်း | ၃၈၆၁ | ၃၆၉၇ | ၆၀ |
| ဗီယက်နမ် | ၁၂၅၆ | ၁၁၀၁ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၁ | ၂၈၈ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် နိုဝင်ဘာ ၁၃**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်း မှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၆၇ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျော်ဒန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို တဲလ်အဲဗီးမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် သတ္တမကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့်ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် Century Miracle ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား ၄၂ ဦး၊ Camel and Vega ကုမ္ပဏီမှ ၁၂၄ ဦး၊ စုစုပေါင်း မြန်မာနိုင်ငံသား ၁၆၆ ဦး ပါရှိကြောင်း သိရသည်။

အလားတူ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် အနီးတစ်ဝိုက်ဒေသများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၂၁၄ ဦးကို ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် ဒုတိယကြိမ်မြောက် TUIလေကြောင်းလိုင်း စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးကို စင်ကာပူမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့်ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော သူနာပြု ၂၀ ရန်ကုန်မြို့သို့ သွားရောက်ကူညီတာဝန်ထမ်းဆောင်ရန် တတိယသုတ်အဖြစ် လားရှိုးမြို့မှ ထွက်ခွာ

**လားရှိုး နိုဝင်ဘာ ၁၃**

COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ရန်ကုန်မြို့သို့ သွားရောက်ကူညီတာဝန်ထမ်းဆောင်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု ၂၀ မှာ နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။



COVID-19 ရောဂါ ကူးစက်ခံရသူများအား ပြုစုကုသနိုင်ရေးအတွက် ရန်ကုန်မြို့သို့ သွားရောက်ကြမည့် သူနာပြု ၂၀ ကို နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီက လားရှိုးမြို့ရှိပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွှန့်၊ လားရှိုး ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်မြင့်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုအားပေး စကားများ ပြောကြားသည်။

ယင်းနောက် ခရီးစဉ်အတွင်း အသုံးပြုရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကမ္ဘောဇဘဏ်လီမိတက်မှ ထောက်ပံ့ကူညီသည့် ရန်ကုန်မြို့သို့ သွားရောက်သူကျန်းမာရေး ဝန်ထမ်းများအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီကိုလည်းကောင်း၊ ပန်ဆန်းကျန်းမာရေးဌာနမှ အလှူငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(လားရှိုး)မှ ငွေကျပ်နှစ်သိန်း၊ လားရှိုးအသင်း(ရန်ကုန်)မှ ရန်ကုန်သို့ သွားရောက်ကူညီခဲ့ကြသည့် ပထမအသုတ်မှ တတိယအသုတ်ထိ ကျန်းမာရေးဝန်ထမ်းသူနာပြုများအတွက် ငွေကျပ် ၁၆ သိန်း နှစ်သောင်းကိုလည်းကောင်း ပေးအပ်ခဲ့ကြပြီး လားရှိုးမြို့ပေါ်ရှိ စေတနာရှင် အလှူရှင်များကလည်း ထောက်ပံ့ငွေနှင့် အခြားထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တာဝန်ထမ်းဆောင်နေကြသည့် သူနာပြုများအနေဖြင့် COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ရန်ကုန်မြို့သို့ ပထမအသုတ်အဖြစ် အောက်တိုဘာ ၁ ရက်တွင် ၂၀၊ ဒုတိယအသုတ်အဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ၂၁ ဦးနှင့် တတိယသုတ်အဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ၂၀ သွားရောက်ကူညီ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း သိရသည်။

တတိယသုတ်အဖြစ် ရန်ကုန်မြို့သို့ သွားရောက်ကြမည့် သူနာပြု ၂၀ မှာ လားရှိုးပြည်သူ့ဆေးရုံကြီးမှ ငါးဦး၊ မူဆယ်မြို့နယ်မှ သုံးဦး၊ နမ့်ခမ်းမြို့နယ်မှ သုံးဦး၊ သီပေါမြို့နယ်မှ သုံးဦး၊ ကျောက်မဲမြို့နယ်မှ နှစ်ဦး၊ နမ္မတူမြို့နယ်မှ နှစ်ဦး၊ လောက်ကိုင်မြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**စိုင်းထွန်းနေ**
**(ပြန်/ဆက်)**

* *ကျောဖုံးမှ*

ဦးတူးဂျာ၊ မြို့အုပ်ချုပ်ရေးမှူး၊ ဦးမင်းဇော်ဟိန်း နောင်မွန်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က အစဉ်အဆက် သွားရောက်စစ်ဆေးခဲ့ကြောင်းနှင့် ယခုလ လဆန်းပိုင်းတွင် ပန်နန်းဒင်မြို့ အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် အဖွဲ့များက ကျောက်တိုင်ပျက်စီးမှု ရှိ၊ မရှိ၊ ကျောက်တိုင်အနီးအနား သတ်မှတ်ဧရိယာများတွင် ခိုင်မာသောအဆောက်အအုံများ ဆောက်ထားခြင်း ရှိ၊ မရှိကို သွားရောက်စစ်ဆေးခြင်းဖြစ်ကြောင်း ဦးနေမင်းထွန်း(မြို့အုပ်ချုပ်ရေးမှူး)က ပြောသည်။

အဆိုပါ ခရီးစဉ်သည် ပန်နန်းဒင်မြို့မှ နယ်စပ်ကျောက်တိုင်အထိ အသွားလေးရက်၊ အပြန်လေးရက် ခြေကျင်ရှစ်ရက်ခရီးဖြင့် သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နောယော်ဘော်(ပြန်/ဆက်)**

## ထီးချိုင့်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ပေး

**ထီးချိုင့် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် လင်းပိုင်တင်ကျေးရွာ၌ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်လျက် မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို အဖွဲ့ငါးဖွဲ့ခွဲ၍ နိုဝင်ဘာ ၁၂ ရက်က ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းငါးမျိုးအတွက် အိမ်တိုင်ရာရောက်စနစ်ဖြင့် ချေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်း ချေးငွေထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၇၅ ဦးအား ကျပ် ၃၄၂ သိန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၄၅ ဦးအား ကျပ် ၁၆၁ သိန်း၊ ရေလုပ်ငန်းဆောင်ရွက်ရန် ရှစ်ဦးအား ကျပ် ၂၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် တစ်ဦးအား ကျပ်သုံးသိန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ရန် ငါးဦးအား ကျပ် ၁၅ သိန်း စုစုပေါင်း ချေးငွေ ကျပ် ၅၄၃ သိန်းကို လက်ဝယ်အရောက် ပြန်လည်ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

**မွေးကြူဇင်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး ငွေကျပ် ၅၂ ဘီလီယံ ထုတ်ချေးပေးသွားမည်

**မုံရွာ နိုဝင်ဘာ ၁၃**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဆောင်းသီးနှံ စိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံနှင့် စားဖိုဆောင်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အသီးသီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှတစ်ဆင့် စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်းငွေကျပ် ၅၂ ဘီလီယံကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးမျိုးမြင့်ဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမည့် ဆောင်းသီးနှံမျိုးစုံ ၄၈၇၄၅၈ ဧကအတွက် ချေးငွေများကို နိုဝင်ဘာ ၁၀ ရက်မှ စတင်၍ သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ထုတ်ချေးပေးနေပြီး ၂၀၂၁ ဇန်နဝါရီ လကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

"ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံနဲ့ နွေစပါး စတဲ့ ဆောင်းသီးနှံစုံ ၄၈၇၄၅၈ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကို ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ရယူကြမယ့် တောင်သူများအနေနဲ့ သတ်မှတ်စာရွက်စာတမ်း အထောက်အထားတွေနဲ့ အတူ သက်ဆိုင်ရာမြို့နယ်တွေမှာရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွေမှာ ထုတ်ယူနိုင်ပါပြီ"ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးမျိုးမြင့်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၃၄ မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအနေဖြင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်က တောင်သူ ၃၂၀၃၃၇ ဦး၏ စပါးနှင့် အခြားသီးနှံ စိုက်ဧကပေါင်း ၁၈ သိန်းနီးပါးအတွက် ချေးငွေ ကျပ် ၂၃၉ ဒသမ ၅၆ ဘီလီယံကို လည်းကောင်း၊ ကိုဗစ်ကာလအတွင်း တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစေရန် အထူးချေးငွေအဖြစ် တောင်သူ ၃၁၄၉၀၂ ဦး၏ စိုက်ဧက ၁၈ သိန်းနီးပါးအတွက် စုစုပေါင်းကျပ် ၈၉ ဒသမ ၈၄ ဘီလီယံကို လည်းကောင်း ထုတ်ချေးပေးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### Game of Thrones ရိုက်ပြီးနောက် အကြွေးနွံထဲနစ်ခဲ့ရသည်ဟု ဂျေဆင်မမ်မိုအာပြော

Game of Thrones ဇာတ်လမ်းတွဲမှာ ဂျေဆင်မမ်မိုအာ ပါဝင်တဲ့အခန်း အဆုံးသတ်ပြီးနောက် အကြွေးနွံထဲနစ်ပြီး စားဖို့တောင် အနိုင်နိုင်ဖြစ်ခဲ့ရတယ်လို့ ဂျေဆင်က ပြောပါတယ်။ အဲဒီအချိန်တုန်းက အလုပ်လည်းမရှိဘူး၊ ကိုယ်တိုင်အကြွေးထူနေတဲ့အချိန်မှာ ကလေးတွေနဲ့ဆိုတော့ ပိုပြီးဒုက္ခရောက်တယ်လို့ စတိုင်မဂ္ဂဇင်းမှာ ဖြေကြားခဲ့ပါတယ်။

ဂျေဆင်ဟာ ရုပ်ရှင်သရုပ်ဆောင် လီဆာဘိုနက်နဲ့လက်ထပ်ထားပြီး သူတို့မှာ ကလေးနှစ်ဦးရှိပါတယ်။ နောက်ပြီး လီဆာဘိုနက်ရဲ့ အရင်အိမ်ထောင်နဲ့ပါလာတဲ့ သမီးတစ်ဦးလည်း ရှိပါတယ်။ HBO ရဲ့ စီးရီးဖြစ်တဲ့ Game of Thrones မှာ ပါဝင်ခဲ့စဉ်ကတော့ ခဏတာအဆင်ပြေခဲ့ပေမယ့် ရိုက်ပြီးသွားတဲ့အခါမှာတော့ အလုပ်လက်မဲ့ဖြစ်ပြီး စီးပွားရေးကျပ်တည်းခဲ့ရပါတယ်။ အခုအခါမှာတော့ ဂျေဆင်ဟာ ရုပ်ရှင်ဇာတ်ကားတွေနဲ့ ရုပ်သံစီးရီးတွေမှာ အများကြီးပါဝင်လာရပြီး Apple TV စီးရီးဖြစ်တဲ့ See နဲ့ Dune ဆိုတဲ့ ရုပ်ရှင်ကားတို့မှာ ပါဝင်ထားပါတယ်။ Dune ဇာတ်ကားနမူနာ ထွက်ရှိလာတဲ့အခါမှာတော့ ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ အမည်ကို စာတန်းထိုးတဲ့အခါ သူ့နာမည်ကို ပြန်တွေ့ရလို့ ယုံတောင်မယုံနိုင်ဘူးလို့ ဂျေဆင်က ပြောပါတယ်။

**စကိုင်းနယူး**



ဂျေဆင်မမ်မိုအာနှင့် ဇနီးဖြစ်သူ လီဆာဘိုနက်။


### အမေရိကန် ဂီတဆုချီးမြှင့်ပွဲတွင် ဂျနီဖာလိုပက်ဇ်နှင့် မလူမာတို့ အတူဖျော်ဖြေသွားမည်

အမေရိကန်ဂီတဆုချီးမြှင့်ပွဲမှာ ဂျနီဖာလိုပက်ဇ်နဲ့ မလူမာတို့ အတူဖျော်ဖြေသွားမယ်လို့ သိရပါတယ်။ ဂျနီဖာလိုပက်ဇ်ရဲ့ Marry Me ရုပ်ရှင်ကားထဲက သူတို့အတူ သီဆိုထားကြတဲ့ Pa' Ti နဲ့ Lonely သီချင်းတွေနဲ့ ဖျော်ဖြေသွားမယ်လို့ သိရပါတယ်။

ဂျနီဖာလိုပက်ဇ်နဲ့ မလူမာတို့ ပူးတွဲဖျော်ဖြေမှုဟာ လက်တင်ဂီတအတွက်တော့ ငြင်းလို့မရတဲ့ အောင်မြင်မှုပါပဲ။ ပွဲနေ့မှာတော့ လူကြိုက်များကြတဲ့ ဟစ်ပ်ဟော့နဲ့ လက်တင်ဂီတအမျိုးအစားတွေကို တိုးချဲ့ထည့်သွင်းထားတယ်လို့ အေဘီစီက ကြေညာခဲ့ပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ ၂၀၁၅ ခုနှစ်တုန်းက တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်မှာတစ်ကြိမ် ဒီပွဲမှာပါဝင် ဖျော်ဖြေခဲ့ဖူးပြီး အမေရိကန် ဂီတဆုချီးမြှင့်ပွဲမှာ ဘတ်ဘန်နီ၊ ဘီတီအက်စ်၊ ဒူအာလီပါ၊ လီဘောဘီ၊ ရှောင်မန်းဒက်စ်နဲ့ မီဂန်သီးစတေးလီးယန်းတို့လည်း ပါဝင်ဖျော်ဖြေသွားမယ်လို့သိရပါတယ်။ ဒီရှိုးပွဲကိုတော့ နိုဝင်ဘာ ၂၂ ရက်မှာ အေဘီစီရုပ်သံကနေ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမယ်လို့ သိရပါတယ်။

**စကိုင်းနယူး**



အဆိုတော် မလူမာနှင့် ဂျနီဖာလိုပက်ဇ်။



# မြန်မာနှင့် ပါဠိ(၁၃)

## မောင်ခင်မင် (ဓနုဖြူ)

"တက္ကသိုလ်က ဘာသာရပ်နာမည်တွေကို အင်္ဂလိပ်ကနေပြီး မြန်မာဘာသာပြန်တဲ့အခါ ပါဠိဝေါဟာရတွေနဲ့ပြန်တာကို ဆရာကြီး ဦးဖေမောင်တင်တို့ စခဲ့တာပဲ။ နောက်ပိုင်းမှာလဲ ဒီအစဉ်အလာအတိုင်း တော်တော်များများ ကျင့်သုံးတာပေါ့"

"ကျွန်တော့်မိတ်ဆွေတစ်ယောက်က သတ္တဗေဒမှာ ငါးကို အထူးပြုလေ့လာပါတယ်။ သူ့ဘာသာရပ်ကို မစ္ဆဗေဒလို့ ခေါ်ကြောင်း ပြောပါတယ်ဆရာ"

"ဟုတ်တယ်။ အရင်းခံဘာသာရပ်တွေ-ရူပဗေဒတို့၊ ဓာတုဗေဒတို့ကတော့ စောစောကတည်းက ခေါ်ခဲ့တာပေါ့။ အခေါ်အဝေါ်ပြောင်းတာတွေလဲရှိတယ်။ အခုဇီဝဗေဒလို့ခေါ်ကြတဲ့ biology ကို တစ်ခါက ပါဏဗေဒလို့ ခေါ်ခဲ့ကြသေးတယ်။ အဲဒီလိုပဲ အခုသတ္တဗေဒကို အရင်က တိရစ္ဆာန်ဗေဒလို့လဲခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"Philosophy ဘာသာရပ်ကို ဆရာတို့ကျောင်းသားဘဝတုန်းက သဘာဝတ္တဗေဒလို့ ခေါ်တယ်။ နောက်ပိုင်းမှာ ဒဿနိကဗေဒလို့ ပြောင်းတယ်။ ဒဿနဗေဒလို့ခေါ်တာ ပိုသင့်လျော်တယ်လို့ ပြောကြတယ်။ အဲဒီလိုပဲ Logic ကို အရင်က တက္ကဗေဒလို့ခေါ်ပြီး အခုယုတ္တိဗေဒလို့ ခေါ်တယ်"

"ဆရာ စိတ်ပညာကို အရင်က စိတ္တဗေဒလို့ ခေါ်တယ်လို့ ကြားဖူးပါတယ်"

"ဟုတ်တယ်။ စိတ်ပညာဆိုတဲ့အသုံးကတော့ ပိုပြီး နားလည်လွယ်တာပေါ့။ ပြောရင်တော့ အများကြီးပါပဲ။ သတ္တဗေဒမှာ ငှက်ကိုအထူးပြုတဲ့ ဘာသာရပ်ကို သကုဏဗေဒတဲ့၊ ပိုးမွှားကိုအထူးပြုတဲ့ဘာသာရပ်ကိုတော့ ကိမိလဗေဒတဲ့"

"ဆရာ၊ ဆေးပညာမှာလဲ ခန္ဓာဗေဒတို့၊ ဇီဝကမ္မဗေဒတို့ရှိတယ်နော်"

"စိတ်ဝင်စားစရာကောင်းပါတယ်။ ဆက်လေ့လာကြည့်ပေါ့ကွယ်။ မြန်မာစကားလုံးထက် အဓိပ္ပာယ်တူပါဠိစကားလုံးက ပိုပြီးခံ့ခံ့ညားညား ရှိတယ်လို့ ထင်တတ်ကြတာတော့ အမှန်ပဲ။ မြန်မာစာပေပညာရှင်ဆရာကြီး ဦးတင်ကြီးက ပြောဖူးတယ်။ 'ဝေါဟာရ' ဆိုတဲ့ ပါဠိစကားဟာ 'စကားလုံး' လို့ အဓိပ္ပာယ်ရပါတယ်တဲ့။ ဒါပေမဲ့ လူတွေက 'ဒီစကားလုံးက' လို့ ပြောရတာထက် 'ဒီဝေါဟာရက' လို့ ပြောရတာ ပိုပြီးခံ့ညားတယ်လို့ ထင်တတ်ကြတယ်တဲ့"

"ကျွန်တော်တို့အဘွားက ကျွန်တော်တို့အဖေအကြောင်းပြောရင် 'ကျွန်မရဲ့ ဧကပုတ္တတစ်ဦးတည်းသောသားကလေး' လို့ ပြောတတ်တာ ကျွန်တော်ငယ်ငယ်က ကြားဖူးပါတယ်ဆရာ"

"ဟုတ်တယ်။ အဲဒီလိုပြောလေ့ရှိကြတယ်။ ပြီးတော့ သူ့ကိစ္စတွေကို ကေဝလကပ္ပ အလုံးစုံ လုပ်ပေးရတယ်ဆိုတာမျိုးလဲ အရင်ကပြောတတ်ကြတယ်"

"ဟုတ်ကဲ့ပါ"

"နာမည်မှည့်ရာမှာလဲ ပါဠိစကားလုံးတွေနဲ့ မှည့်တဲ့အစဉ်အလာဟာ အထူးသဖြင့် အမျိုးသမီးနာမည်တွေမှာ တော်တော်လွှမ်းမိုးတာပဲ။ များသောအားဖြင့်တော့ အသုံးများပြီးခေါ်လို့ကောင်းတဲ့ ပါဠိစကားလုံးတွေနဲ့ နာမည်မှည့်ကြတာကိုး။ စကားလုံးက အသံတော့သာပေမဲ့ အဓိပ္ပာယ်က ဆီလျော်တာလဲရှိရဲ့၊ မဆီလျော်တာလဲရှိရဲ့"

"ဘယ်လို မဆီလျော်တာလဲဆရာ"

"နမူနာပြောရရင် ဥမ္မာတို့၊ သဒ္ဒါတို့လိုနာမည်တွေပေါ့"

"ဩော် ဟုတ်ကဲ့"

"ဥမ္မာဆိုရင် 'ဥမ္မာ'လို့ပဲ မှည့်တာရှိသလို ခင်ဥမ္မာ၊ စန်းဥမ္မာ၊ ဥမ္မာခင်၊ ဥမ္မာမြင့် စသည်ဖြင့် အမျိုးမျိုးကွဲပြီး မှည့်ကြတယ်မဟုတ်လား"

"ဥမ္မာဆိုတာ ဥမ္မာဒန္တီဆိုတဲ့နာမည်ကို ယူတာမဟုတ်လားဆရာ"

"အေး- ဟုတ်ပါတယ်။ ဥမ္မာဒန္တီဆိုတာ မိန်းမချောကလေးနာမည်ပေါ့။ ဥမ္မာဆိုတဲ့ စကားလုံးကလေးဟာ အသံလဲ သာတယ်လေ။ ဒီတော့ နာမည်မှည့်ချင်စရာကောင်းတာပေါ့"

"ဟုတ်ကဲ့ပါ"

"မင်းသိမှာပါ။ 'ဥမ္မာဒန္တီ' ဆိုတာ မြင်တဲ့သူတွေကို ရူးစေနိုင်တဲ့သူလို့ အဓိပ္ပာယ်ရတယ်လေ။ ချောလွန်းလှလွန်းလို့ မြင်ရတဲ့ယောကျ်ားတွေ စိတ်မထိန်းနိုင်ဘဲ ရူးသွားရတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ စကားလုံးအဓိပ္ပာယ်ကို ကြည့်ရင်တော့ 'ဥမ္မာဒ' ဆိုတာ ရူးသွပ်ခြင်းတဲ့၊ 'ဥမ္မတ္တ' ဆိုတာ 'ရူးသွပ်သည်၊ သူရူး' တဲ့ ။ ဥမ္မတ္တက ဆိုတာ 'ရူးသော'တဲ့။ ဒီတော့ အဓိပ္ပာယ်အနေနဲ့တော့ 'ဥမ္မာ'ဆိုတာ အရူးလို့ အဓိပ္ပာယ်ရနေတာလေ။ ဘယ်သင့်လျော်ပါ့မလဲ"

"နားလည်ပါပြီဆရာ။ သဒ္ဓါကရောဆရာ"

"သဒ္ဓါကတော့ 'သဒ္ဓါလီ' ဆိုတဲ့စကားမှာပါတဲ့ သဒ္ဓါပါ။ ကဗျာတွေ၊ သီချင်းတွေမှာ 'ဆောင်ခန်းသဒ္ဓါ' တို့၊ 'ရွှေသဒ္ဓါ' တို့ ရှိတယ်လေ။ သဒ္ဓါလီဆိုတာ ထိုင်စရာညောင်စောင်းတစ်မျိုးပေါ့။ ကုလားထိုင် ဆိုပါတော့ကွယ်။ အဘိဓာန်မှာတော့ 'သေယျ' နဲ့ 'ဇာလီ'နဲ့ ပါဠိစကားနှစ်လုံးပေါင်းပြီး 'သဒ္ဓါလီ' ဖြစ်တယ်လို့ပြတယ်။ သဒ္ဓါဆိုတဲ့ အသံကလေး ကလဲချိုသာတာပဲ။ ဒါကြောင့် မိန်းကလေးတွေ နာမည် မှည့်တဲ့အခါ 'လှသဒ္ဓါ' တို့၊ 'သဒ္ဓါမျိုး' တို့ ဆိုတဲ့ နာမည်တွေ မှည့်တတ်ကြတယ်။ အဓိပ္ပာယ်ကတော့ ညောင်စောင်းကြီးဖြစ်နေတယ်လေ"

"ဆရာပြောပြမှပဲ မြန်မာစကားထဲမှာ ပါဠိစကားလုံးတွေ ဘယ်လောက် တွင်ကျယ်နေတယ်ဆိုတာ ပိုပိုပြီးမြင်လာပါတယ် ဆရာ"

"တကယ်တော့ မြန်မာစကားထဲမှာ ဝင်နေတဲ့ ပါဠိစကားတွေကိုလဲ မြန်မာစကားတွေလိုပဲ ထင်နေကြပါပြီ။ လေ့လာတဲ့သူတွေက ခွဲခြားသိပေမဲ့ သာမန်ပြောဆိုသုံးနှုန်းနေတဲ့ မြန်မာတွေကတော့ အားလုံးမြန်မာစကားတွေလို့ပဲ နားလည်ပြီး သုံးနေကြတာပါ။ ပြီးတော့ အဓိပ္ပာယ်တူတဲ့ ပါဠိစကားနဲ့ မြန်မာစကားတွဲသုံးတဲ့ အသုံးအနှုန်းတွေလဲ တော်တော်တွင်ကျယ်နေပြီလေ"

"ချမ်းသာသုခလို အသုံးတွေပေါ့နော်ဆရာ"

"ဟုတ်တယ်။ ဆင်းရဲဒုက္ခ၊ အလှူဒါန၊ အကျင့်သီလ၊ တရားဓမ္မစတဲ့ အသုံးတွေပေါ့။ တစ်လုံးတည်းသုံးတာထက် နှစ်လုံးတွဲသုံးတာက ပိုပြီး ခံ့ညားတယ်၊ လေးနက်တယ်လို့ ခံယူထားကြတာလေ"

"ဟုတ်ကဲ့ပါ"

> **"တကယ်တော့ မြန်မာစကားထဲမှာဝင်နေတဲ့ ပါဠိစကားတွေကိုလဲ မြန်မာစကားတွေလိုပဲ ထင်နေကြပါပြီ။ လေ့လာတဲ့သူတွေက ခွဲခြားသိပေမဲ့ သာမန်ပြောဆိုသုံးနှုန်းနေတဲ့ မြန်မာတွေကတော့ အားလုံးမြန်မာစကားတွေလို့ပဲ နားလည်ပြီး သုံးနေကြတာပါ။ ပြီးတော့ အဓိပ္ပာယ်တူတဲ့ ပါဠိစကားနဲ့ မြန်မာစကားတွဲသုံးတဲ့ အသုံးအနှုန်းတွေလဲ တော်တော်တွင်ကျယ်နေပြီလေ"**

"ပြီးတော့ မြန်မာစကားထဲရောက်နေတဲ့ ပါဠိစကားလုံးကို မူတည်ပြီး စကားလုံးသစ်တွေ အမျိုးမျိုးများလာတာလဲ အများကြီးပေါ့။ သိသာတဲ့ သာဓကတွေပြောရရင် 'စက်' နဲ့ 'ဓာတ်' ဆိုပါတော့။ 'စက်' က 'စက္က' ဆိုတဲ့ပါဠိကဆင်းသက်တာ။ 'ဓာတ်' က 'ဓာတု' ဆိုတဲ့ ပါဠိက ဆင်းသက်တာမဟုတ်လား။ အဲဒီစကားလုံးနှစ်လုံးဟာ ရှေးကတည်းက အသုံးတွင်ကျယ်ပြီး စကားလုံးတွေ အများကြီးပြောနေပြီလေ"

"ဟုတ်ပါတယ် ဆရာ"

" 'စက်' ဆိုရင် အလုပ်စွမ်းရည် တစ်ခုခု ဖန်တီးနိုင်တဲ့ ပစ္စည်းကိရိယာဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးနေတာတွေအများကြီးပဲ"

"စက်တိုင်၊ စက်နာရီ၊ စက်ပစ်ကွင်း၊ စက်ဘီး၊ စက်လှေ၊ စက်လှေကား၊ စက်သီး၊ စက်သေနတ် စသည်ဖြင့်ပေါ့"

"ဟုတ်ကဲ့ပါ"

"ဓာတ်ဆိုရင်လဲ အရင်းခံသဘော၊ မြေထွက်သတ္တုဆိုတဲ့ အဓိပ္ပာယ်တွေနဲ့သုံးတာတွေ။ 'ဓာတ်ကြိုး၊ ဓာတ်ခဲ၊ ဓာတ်ခွဲခန်း၊ ဓာတ်ငွေ့၊ ဓာတ်စက်၊ ဓာတ်ဆီ၊ ဓာတ်တိုင်၊ ဓာတ်ပုံ၊ ဓာတ်ပြား၊ ဓာတ်ဘူး၊ ဓာတ်မီး၊ ဓာတ်ရထား၊ ဓာတ်လှေကား၊ ဓာတ်အား' ဆိုတာတွေပေါ့။ တခြားစကားလုံးတွေလဲ အများကြီးပါ။ လေ့လာကြည့်ရင် သိနိုင်ပါတယ်"

"လေ့လာကြည့်ပါမယ် ဆရာ"

"ပါဠိဘာသာစကားရဲ့ ဩဇာအကြောင်း ဒီတစ်ပတ်အဆုံးသတ်ရအောင်၊ နောက်တစ်ပတ်မှာ ပါဠိစာပေရဲ့ ဩဇာအကြောင်း ပြောကြတာပေါ့။ အဲ-အဆုံးမသတ်ခင် ပါဠိစကားလုံးတွေကို မြန်မာစကားလုံးတွေနဲ့ တစ်သားတည်းသုံးထားတဲ့ အသုံးကလေးတစ်ခုသတိရလို့ ပြောအုံးမယ်"

"ပြောပြပါဆရာ"

"ကျိုက်လတ်ဦးပြုံးချိုဆိုတဲ့ ဂီတပညာရှင်ကြီးရေးဖွဲ့တဲ့ ယိုးဒယားသီချင်းတစ်ပုဒ်ရှိတယ်။ 'ဇေယျတုသဗ္ဗမင်္ဂလံ' အစချီတယ်။ အင်မတန်ကျက်သရေမင်္ဂလာရှိတဲ့ သီချင်းပေါ့။ အဲဒီသီချင်းမှာ ဆရာကြီးက ပါဠိစကားလုံးတွေကို မြန်မာစကားလုံးတွေနဲ့ နဘေထပ်ပြီး ဖွဲ့ထားတာ သိပ်လှတာပဲ"

"ဟုတ်ကဲ့"

"ဖွဲ့ပုံက 'စိတ်မှာကြံသမျှ ဣဋ္ဌာရမ္မဏ ဘောဂသမ္ပွန်' တဲ့ စိတ်ထဲမှာကြံစည်တဲ့အတိုင်း ကောင်းတဲ့အာရုံတွေ၊ ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံပါစေလို့ ဆိုလိုတာလေ။ အဲဒီမှာ 'စိတ်မှာကြံသမျှ' ဆိုတဲ့ မြန်မာစကားနဲ့ 'ဣဋ္ဌာရမ္မဏ' ဆိုတဲ့ ပါဠိစကားကို လှလှပပနဘေထပ်ပြီး ရေးဖွဲ့ထားပုံကလေးကို ပြောချင်တာပါကွယ်"။ ။

# အမိတက္ကသိုလ်မြေမှ ပေါက်ဖွားလာသော ခေတ်စမ်းစာပေ


ဒေါက်တာ ညိမ်းညိမ်း

**အမိရန်ကုန်တက္ကသိုလ်ရဲ့ နှစ်တစ်ရာပြည့် အချိန်နီးကပ်လာတာနဲ့အမျှ ကျွန်မရင်ထဲမှာ မဖော်ပြနိုင်တဲ့ ပီတိတစ်မျိုးကို ခံစားရပါတယ်။ မြန်မာစာကျောင်းသူတစ်ယောက်ဘဝကနေ မြန်မာစာဆရာမဘဝနဲ့ တက္ကသိုလ်အသီးသီးမှာ အမှုထမ်းခဲ့တယ်၊ ပါမောက္ခတစ်ယောက်ဖြစ်မှ ရန်ကုန်တက္ကသိုလ်ကို ပြန်ရောက်လာရတာဟာ အမိမြေရဲ့တာဝန်ကို ပြန်ထမ်းဖို့လာရတာပဲလို့ ခံယူမိတာမျိုးပါ။**


ရန်ကုန်တက္ကသိုလ်က သင်ပေးလိုက်တဲ့ပညာတွေကို ဆက်ပြီး လေ့လာသင်ကြားသင်ယူ စုဆောင်းပြုစုရင်းနှီးဖြန့်ဝေမှုတွေ လုပ်ခဲ့ရဲ့လားလို့လဲ ဆင်ခြင်မိပါတယ်။ တက္ကသိုလ်ဆိုတာ တွေးတောကြံဆမှုတွေ အသစ်ဖန်တီးမှုတွေနဲ့ တည်ဆောက်ရတဲ့ပညာရပ်ဝန်းပါ။ ဒီလိုနေရာမှာ နေသွားကြတဲ့ ကျောင်းတော်သူ၊ ကျောင်းတော်သားတွေရဲ့ အတိတ်ကို ပြန်တွေးမိစေပါတယ်။

ကျွန်မကို အဲဒီအတွေးတွေ ဝင်လာအောင် အမြဲသတိပေးနေတာကတော့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ရှိရာ တောင်ငူဆောင်အတွင်းမှာ အမှတ်တရ ချိတ်ဆွဲထားတဲ့ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ဓာတ်ပုံတွေပါပဲ။ မြန်မာစာဌာနကို အစပြုခဲ့တဲ့ ဆရာကြီး ဦးဖေမောင်တင်ကနေ ဆက်လက်တာဝန်ယူခဲ့သူတွေရဲ့ ဓာတ်ပုံတွေက မြန်မာစာဌာနရဲ့ သမိုင်းကြောင်းကို ဖော်ပြနေပါတယ်။ အဲဒီသမိုင်းကြောင်းမှာ ထင်ရှားတဲ့ အပြောင်းအလဲကတော့ တက္ကသိုလ်ရပ်ဝန်းကနေ ပြင်ပစာပေလောကကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့တဲ့ ခေတ်စမ်းစာပေ တစ်ခေတ်ဆန်းခဲ့ခြင်းပါပဲ။

ခေတ်ကို စမ်းသပ်လိုက်တဲ့ ခေတ်စမ်းကဗျာ၊ ခေတ်စမ်းပုံပြင် စာအုပ်တွေ ထွက်လာချိန်မှာ ပြင်ပစာပေလောကက ဝေဖန်သုံးသပ်ပြောဆိုတာတွေရှိပေမဲ့ တက္ကသိုလ်ကျောင်းတော်သားတွေပီပီ အမြော်အမြင်ရှိရှိနဲ့ မြန်မာစာပေတိုးတက်ကြီးပွားရေးကို ရှေးရှုခဲ့တဲ့အတွက် အဲဒီအမွေအနှစ်တွေကို ကျွန်မတို့ အခုခံစားနေရပြီဖြစ်ပါတယ်။ လမ်းရိုးဟောင်းမှာ ဆင့်ကာထွင်ခဲ့တဲ့ ခေတ်စမ်းစာပေကြောင့် အတွေးအခေါ် အရှုအမြင် အရေးအသွင်တွေ ပြောင်းခဲ့ကြပါတယ်။



ရန်ကုန်တက္ကသိုလ်၏ မြန်မာစာဌာနကို စတင်တည်ထောင်ပေးခဲ့သူ ဆရာကြီး ဦးဖေမောင်တင် (အလယ်)။



မြန်မာနိုင်ငံပညာပြန့်ပွါးရေးအသင်း

ခေတ်စမ်းစာပေကျမ်းစဉ်—၃

တည်းဖြတ်အုပ်ချုပ်သူ—ဦးဖေမောင်တင်

ခေတ်စမ်းကဗျာများ

ပဌမတွဲ။

KHITSAN KABYA


VOLUME I.

BURMA EDUCATION EXTENSION ASSOCIATION

MODERN LITERATURE SERIES No. 3

General Editor:—PE MAUNG TIN, B. Litt.

1934



၈၀ မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း ၆—ဇော်ဂျီ | ၇၈– |
| ၁ | ဗေဒါလမ်း .... .... .... | ၇၈ |
| ၂ | ပြေမပြေ .... .... .... | ၇၉ |
| ၃ | ဆမိဓာန် .... .... .... | ၈၀ |
| ၄ | ထိပ်ပြဲနှင့်ကြာကုမုဒ် .... .... | ၈၁ |
| ၅ | ကျွန်တောင့်တ .... .... | ၈၂ |
| ၆ | သက်ထားယယ်ကျွမ်း ဦးဆောက်ပန်း | ၈၃ |
| | အခန်း ၇—မောင်ဘသောင်း | ၈၄– |
| ၁ | ဆံထုံးရကန် .... .... | ၈၄ |
| ၂ | လှဲလှဲဝင်း .... .... .... | ၈၆ |
| ၃ | နှင်းမှုံဝေ .... .... .... | ၈၇ |
| ၄ | ထွမ်းစေတီ .... .... | ၈၈ |
| | အခန်း ၈—စောမောင်မောင် | ၈၉– |
| ၁ | မယ်ဘွဲ့ပိုဒ်ရုံ စကြာရတု .... | ၈၉ |
| ၂ | မောင်ဘွဲ့ပိုဒ်ရုံ .... .... | ၉၂ |
| ၃ | ပိုဒ်ရုံမောင်ဘွဲ့ .... ... | ၉၄ |
| ၄ | ဇော့ဝတီမြစ်ဝေပိုဒ်ရုံ .... .... | ၉၆ |

၁၉၃၄ ခုနှစ်က ထုတ်ဝေပုံနှိပ်ခဲ့သော ခေတ်စမ်းကဗျာများ စာအုပ်။

မောင်ဇေမောင်၊ မောင်သိန်းဟန်၊ မောင်ညွန့်၊ မောင်ဝန်၊ မောင်တိုးအောင်၊ မခင်စောမူ၊ မောင်ဘသောင်း၊ မောင်စောမောင်မောင်ဆိုတဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသားကျောင်းသူ ၈ ဦးရဲ့ ခေတ်စမ်းကဗျာတွေက ခေတ်ကို လှုပ်နှိုးခဲ့တယ်။ အရေးမဆန်းနိုင်သေးရင်တောင် အတွေးဆန်းစေဖို့ လမ်းပြခဲ့ပါတယ်။

ခေတ်စမ်းကဗျာစာအုပ်ကို မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း (The Burma Education Extension Association) က ၁၉၃၄ ခုနှစ်မှာ စတင်ထုတ်ဝေတဲ့အခါမှာ **"ယခုပုံနှိပ်ထုတ်ဝေသော ခေတ်စမ်းကဗျာစာအုပ်သည် ဂန္ထလောက၌ ပုံနှိပ်ပြီးသော ကဗျာစုများမှရွေးချယ်၍ ၎င်းတို့ကို ရေးသားသောသူများပင် တက္ကသိုလ်မဂ္ဂဇင်း၌ ရေးသားသော ကဗျာသစ် ကဗျာဆန်းများနှင့်တကွ စုပေါင်း၍ ပုံနှိပ်သော ကဗျာစာအုပ်ဖြစ်သည်"** လို့ ဆရာကြီး ဦးဖေမောင်တင်က ဆိုခဲ့ပါတယ်။ ဆရာကြီးက သူ့တပည့်တွေရဲ့ လက်ရာကို မိတ်ဆက်ပေးရာမှာလဲ **"ယခုပုံနှိပ်အပ်သောကဗျာများသည် လူငယ်များရေးသားကြသည့်အတိုင်း ဆန်းသစ်သောကဗျာများ ဖြစ်ကြ၏။ ဆန်းသစ်သည်ဆိုရာ၌ အဖွဲ့အမျိုးအစား ဆန်းသစ်သည်ဟု မဆိုလို၊ စိတ်ကူးဆန်းသစ်သည်ကိုသာ ဆိုလိုပါသည်"** လို့ အရေးထက် အတွေးဆန်းသစ်မှုကို ဦးစားပေးရွေးချယ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဆရာကြီးရဲ့ အမြော်အမြင်နဲ့ တပည့်တွေရဲ့ အရည်အသွေးကို ယုံကြည်စိတ်ချမှုတွေက ခေတ်စမ်းစာပေဆိုတဲ့ စာပေတစ်ခေတ်ကို ဆန်းသစ်လာစေခဲ့ပါတယ်။

ခေတ်စမ်းကဗျာရှင် မောင်ဇေမောင်ရဲ့ **"ကံနည်းသူ နတ်ရှင်နောင်"** ဆိုတဲ့ ကဗျာဟာ ရှတ်ဆိုရတာ အင်မတန်ချောမွေ့ပြီး ရှေးကဗျာတွေရဲ့ အငွေ့အသက်တွေနဲ့ ထုံမွှမ်းနေပါတယ်။ **"ပင်တိုင်စံခါတုကလျာ အန္တဲ့ငယ်ကြောင့်၊ ကြင်ပိုင်ရန် စာအညာကဗျာဖွဲ့ရှာရ၊ မဟာသမုဒ္ဒရာချဲ့ပါတဲ့ အကြောင်းခံ၊ အသက်လို အချစ်ထူးရှော့ထင့်၊ ပုရစ်ဖူးတွေ ဝေဝေမြိုင်တော့၊ မဖြေနိုင် အပူမီးငယ်ကြောင့်၊ တွေတွေမှိုင် အူအသည်းမှာဖြင့် ညီးထိန်လို့လျှံ"** . ...တဲ့။ မြန်မာစာပါမောက္ခ ဦးဇေမောင်ဖြစ်လာမဲ့ မောင်ဇေမောင်ဟာ ကံနည်းသူ နတ်ရှင်နောင်ရဲ့ အဖြစ်သနစ်ကို ကရုဏာစိတ်၊ စာနာစိတ်တွေနဲ့ ဖွဲ့ဆိုခဲ့လို့ သူ့ခံစားမှုက ဖတ်ရှုရသူကို ကူးစက်စေပါတယ်။

**"မခူးချင်စမ်းပါနဲ့ နှစ်ဆန်းခါတော်မီမို့ ဇမွော်ရည်ပြေပြေလိမ်းကာပဲ့ ခပ်သိမ်း နယ်စုံစုံသို့ ပွင့်ငုံကို လင့်ကုန်ကြတော့လို့ ခေါင်းကြွကာ ဆာဝေဝေနဲ့ သူလဲလေ လောကီသားလိုပေါ့ ကြွားချင်လှပေလိမ့်မယ်"** ...ဆိုတဲ့ ပိတောက်ပန်းကဗျာနဲ့ အတွေးသစ်ခဲ့တဲ့ မောင်သိန်းဟန်ဟာ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ ဖြစ်လာပါတယ်။ စာဆိုက တိရစ္ဆာန်ကလေးတွေရဲ့ လှုပ်ရှားမှုတွေကို အသေးစိတ် မြင်တတ် ရေးဖွဲ့တတ်ပါတယ်။

**"မြည်နိုင်ပေသည်၊ မိုးစွေငှက်ပင်၊ ကိုယ်လျှင်သေးသွယ်၊ တိမ်မြင့်လယ်တွင်၊ ငယ်လွန်းပေစုံ၊ လက်မခန့်လည်း၊ အံ့ဩဘွယ်ထက်၊ ကြောက်မက်ဘွယ်သာ၊ ကျာကျာတွတ်တွတ်၊ လွတ်သည်နှုတ်က၊ စူးစူးရှသည်၊ မိုးဝကွဲမည် ထင်တော့သည်။"**...လို့ သေးငယ်တဲ့ မိုးစွေငှက်ကလေးရဲ့ စူးရှတဲ့အသံကို ရှာရှာဖွေဖွေ မြင်တတ်တွေးတတ် ရေးတတ်ပါတယ်။ အဲဒီလိုပဲ ကြောင်ကလေးတစ်ကောင်ရဲ့ လှုပ်ရှားမှုကို စာဖွဲ့ခဲ့ပါတယ်။

**"ဘယ်လောက်ပင်လျှင် အဆင်လှသနည်း၊ မည်းမည်းဖော်ဖြူ ကွက်မှန်ကူသို့၊ ကိုယ်မှုဖြိုးဖွံ့ မွေးမျိုးညံ့သည်၊ ကြောင်သန့်နက်ပြာလျှင်တကား။**

**ဘယ်လောက်ပင်လျှင် ယဉ်ပါသနည်း၊ လည်လည်းစောင်းမော့၊ ကိုယ်ဟန်ကြော့နှင့်၊ ပျော့ဖြိုးနားရွက်၊ သူ့အထက်ဝယ်၊ တွယ်လျက်ဆင်ယင်၊ နံရံစင်သို့၊ မြော်မြင်စိုက်ငေး နေဟန်ကလေးသည် ယဉ်ကျေးပါဘိသည်တကား။"**

ကျွန်မတို့ နေ့စဉ်မြင်နေရတဲ့ ချစ်စရာကြောင်ကလေးတွေရဲ့ ကြွက်ချောင်းနေတတ်တဲ့ သဘာဝကို အသေးအဖွဲရယ်လို့ လျစ်လျူမရှုဘဲ မြင်တတ်ကြည့်တတ်တဲ့ ဆရာဇော်ဂျီရဲ့ လောကကို ရှုမြင်ပုံတွေက ထူးခြားပါတယ်။

ခေတ်စမ်းစာဆို မောင်ညွန့်ရေးတဲ့ **"အို-ဘခင်"** ဆိုတဲ့ ဖခင်ပျောက်ရှာတဲ့ ကဗျာကို ဖတ်မိတိုင်း အဖေကို တမ်းတနေတဲ့ ကလေးရဲ့အသံနဲ့ မချိတင်ကဲဖြစ်နေတဲ့ မိခင်ရဲ့ဟန်ကို ကဗျာထဲကတစ်ဆင့် ကြားလိုက်၊ မြင်လိုက်ရလို့ စိတ်ထိခိုက်စရာကောင်းလှပါတယ်။


**"မေမေ ဘေဘေ ဘယ်သွား၊ မေးပါငြားလည်း၊ ရှောင်ရှားလွဲဖယ်၊ မွေးမယ်မယ်မှာ၊ သွယ်ဖြာစီးကျ၊ မျက်ရည်စနှင့်၊ ဆွေးလှစိတ်တွင် အို-ဘခင်"**

*စာမျက်နှာ ၂၁ သို့*




## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း


- အမည်။ ဒေါက်တာညိမ်းညိမ်း၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊
- အခြားကလောင်အမည်။ ရှင်ညိမ်းမယ်၊
- ရေးသားခဲ့သောစာပေများ။ ဝတ္ထုတို၊ ဘာသာပြန်ဝတ္ထု၊ ရသစာတမ်း၊ သုတေသနစာတမ်း၊ ကဗျာ၊ ဆောင်းပါးများ၊
- မဟာဝိဇ္ဇာကျမ်း။ ပုဂံခေတ်ဦးမွန်မင်စာများ လေ့လာချက်၊
- ပါရဂူကျမ်း။ ဘုရားထောင်ပျူအရိုးအိုးစာ လေ့လာချက်၊
- အမှုထမ်းခဲ့သည့် တက္ကသိုလ်များ။ ပညာရေးတက္ကသိုလ်(ရန်ကုန်)၊ ထားဝယ်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ယူနန်မြင်ဆုတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊
- လက်ရှိတာဝန်ထမ်းဆောင်မှုများ။ ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခဌာနမှူးတာဝန်၊ သင်ရိုးဥက္ကဋ္ဌ(မြန်မာစာဘာသာရပ်)၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ ပျူစာပေသင်တန်း (ပြင်ဦးလွင်စစ်တက္ကသိုလ်)







တပည့်များ၏ လက်ရာများကို မိတ်ဆက်ပေးထားသော ဆရာကြီးဦးဖေမောင်တင်၏ အမှာစာ။



၄-လိပ်ပြာနှင့်ကြာကုမုဒ်

နေဝင်မောင်ဒိုက် လမိုက်မယ်ငုံ၊
မကြုံအခွင့် ကြင်ရေးဖင့်ခဲ့၊
သို့နှင့်နေရာ တနေ့ခါဝယ်၊

မြန်မာစာကျောင်းသူ မခင်စောမူ၏ ခေတ်စမ်းကဗျာ တစ်ပုဒ်။

*စာမျက်နှာ ၂၀ မှ*

ကလေးတစ်ယောက်ရဲ့ ခံစားမှုကို ကဗျာဆရာမောင်ညွန့်က ပီပီပြင်ပြင် သရုပ်ဖော်ပါတယ်။ ဒဏ္ဍာရီထဲက အလွမ်းအဆွေးမဟုတ်ဘဲ ပြင်ပလောကကို မီးမောင်းထိုးပြလိုက်တဲ့ ကဗျာတစ်ပုဒ်ပါ။

**"ခါနွေဆန်းတော့ လွမ်းမိတယ်"** ဆိုတဲ့ ကဗျာကိုတော့ မင်းသုဝဏ်လို့ ထင်ရှားလာမဲ့ ကလောင်ရှင် မောင်ဝန်က ဖွဲ့စပ်ခဲ့ပါတယ်။ ဇာတိရပ်ရွာ ကွမ်းခြံကုန်းနဲ့ မိဘဆွေမျိုးတွေကို လွမ်းတဲ့အကြောင်းတွေနဲ့ အစချီထားပါတယ်။ **"ဆန်းစခါနွေ သာတပေါင်းမို့ ညှာညောင်းကြွေ ပြေပြေရောရ မြအသွေးရွှေရေးလုလို့ ရတုအညီ မြေသို့သက်တဲ့ ရော်ရွက်ရီကို ပလီပလာ တီတာတာ သည်ခါလေ့ နွေအကူး လေရူးဝှေ့တော့ ကွေ့ကွေ့ဝန်းဝိုက် ရွှေကြောင်ဘားမြီးဖျားလိုက်သို့ မြိုင်တိုက်စုံယံ ရွက်ဟောင်းပျံသော် ရွှေခြံဂါမ ကျွန့်ဌာနကို မှန်းဆလို့တွေး မိဘနှစ်ပါး ဆွေအများကို လွမ်းအားနှင့်ဆွေးမိပေ့ါ။"**

နွေဦးရဲ့အလှကို ရေးမူဟန်မပျက် ဖွဲ့စပ်တာက ဆန်းသစ်တယ်လို့ မဆိုနိုင်ပေမဲ့ **"ရွှေကြောင်ဘား မြီးဖျားလိုက်သို့ "** ဆိုပြီး မြင်ကွင်းပြ ဥပမာစကားကြောင့် နှစ်သက်ဖွယ် ဖြစ်လာပါတယ်။

**"တရားဦးဟောလှဲ့ပါ"** ဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ ရတက်မအေးသံတွေဟာ စာဆိုရဲ့ ခံစားချက်ကို ကိုယ်စားပြုခဲ့လေသလားလို့ အတွေးပွားမိအောင် စွမ်းဆောင်ခဲ့ပါတယ်။

**"ကာမဘောင် ရှုပ်အထွေးကိုလ ပျိုလေးမယ်မခင်လို့ ရှန်းချင်ပြီ ဆုပန်ကြားသူရဲ့ တားမြစ်ဖို့ ခွင့်မသာ၊ နှစ်ကိုယ်တွဲကာပ သည်ဝဲသံသရာက သောင်ခေမာ ဟိုတစ်ဖက်ဆီသို့ ဖောင်မဂ္ဂင် ဆင်ကာကူးမယ်လို့ ဆုထူးကို ပန်ညီသော်လဲ့ ပါရမီမောင်မရင့်တာမို့ သွားနှင့်သက်လျာ"** တဲ့။ ကာမဘောင် အရှုပ်အထွေးနဲ့ ဝေးတဲ့တခြားဘဝကို ထွက်သွားချင်တဲ့ အကြောင်းပြောလာတဲ့ ချစ်သူရဲ့စကားကိုကြားပြီး အားမလိုအားမရ မချင့်မရဲဖြစ်နေတဲ့ လုလင်ပျိုတစ်ဦးရဲ့အသံကို ကြားလိုက်ရလို့ဖြစ်ပါတယ်။

**"ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းထွက်မယ်။ မောင်လဲလိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်"** ဆိုတဲ့ ကလေးကဗျာကလဲ မောင်ဝန်စပ်ဆိုခဲ့တဲ့ ကဗျာဟာ မြန်မာစာပေအတွက် အင်မတန်လိုအပ်တဲ့ ကလေးကဗျာကဏ္ဍကို ဦးဆောင်လမ်းပြခဲ့ပါလားလို့ ကြည်ညိုမိပါတယ်။

ကလောင်ရှင်မောင်တိုးအောင်ဖွဲ့ခဲ့တဲ့ **"ရွှေကြက်တူ"** ကဗျာကတော့ ကျေးစေမောင်ဘွဲ့ မယ်ဘွဲ့တွေကို အမှတ်ရစေပါတယ်။

**"စိမ်းဖပ်ဖပ်လူ – ရွှေကြက်တူ၊ ဝေဠုရိယ ကျောက်ညို မြသို့၊ ရူပနိကာယ် လွန်တင့်တယ်လျှင်၊ တစ်ပင်ပျံကူး ပျော်ရွှင်မြူး၍၊ ပွင့်ဖူးစုံထွေ သီးမှည့်ချွေကာ၊ ဆွတ်လေစားသုံး ဤမြိုင်လုံး၌၊ မြကုံးတောင်ပံ ရိုက်ဆော်ဟန်ကား၊ စောင်သံကြူကြူ ရွှေကြက်တူ။"** ကြက်တူရွေးတစ်ကောင်ရဲ့ အရောင်အသွေးနဲ့ အလေ့အထတွေကို သရုပ်ဖော်ထားပါတယ်။

မခင်စောမူဆိုတဲ့ တစ်ဦးတည်းသော အမျိုးသမီးကလောင်ရှင်ကလဲ **"လိပ်ပြာနဲ့ ကြာကုမုဒ်"** ဆိုတဲ့ ကဗျာကို လေးလုံးစပ်လင်္ကာဟန်နဲ့ ဖွဲ့ဆိုခဲ့တယ်။ အရေးထက် အတွေးဆန်းသစ်မှုက ဒီကဗျာရဲ့ အားသာချက်ဖြစ်ပါတယ်။

**"နေဝင်မောင်ဒိုက်၊ လမိုက်မယ်ငုံ၊ မကြုံအခွင့်၊ ကြင်ရေးဖင့်ခဲ့၊ သို့နှင့်နေရာ၊ တစ်နေ့ခါဝယ်၊ ရွှေကြာပဒုံ၊ တစ်ပွင့်တုံမှ၊ ဝတ်မှုံဆင်သ၊ နတ်မယ်လျာသည်၊ ဝင်းပကိုယ်လျှံ၊ မြူးထွက်စံသော်၊ ဗိမာန်လဝန်း၊ ပေါ်လှာထွန်းဟု၊ ထင်မှန်းမှတ်ကာ၊ ကုမုဒါသည်၊ ငုံရာမှပွင့်၊ သရေတင့်၍၊ စောင့်လင့်လိပ်ပြာ၊ ချစ်သဟာနှင့်၊ မေတ္တာစက်တွင်း၊ နှစ်ကိုယ်ဆင်းသည်၊ နတ်မင်းသူဇာတို့နှယ်တကား။"**

ညအခါမှပွင့်တဲ့ ကုမုဒြာကြာပန်းနဲ့ နေ့ဘက်မှာ အစာရှာရတဲ့ လိပ်ပြာတို့ တွေ့ဆုံခန်းကို ကဗျာရှင်က စိတ်ကူးဉာဏ်ကောင်းကောင်းနဲ့ ဖွဲ့ခဲ့ပါတယ်။ ကုမုဒြာကြာပန်းနဲ့ လိပ်ပြာတို့ တွေ့ဆုံဖို့ဆိုတာက အလှမ်းဝေးလွန်းလှပေမဲ့ ကဗျာရှင်ရဲ့စိတ်ကူးက ဖတ်ရှုရသူတွေအတွက် မျှော်လင့်ချက်ကို ပေးပါတယ်။ တစ်နေ့မှာ ပဒုမ္မာကြာပန်းထဲက နတ်သမီးတစ်ပါး ထွက်ပေါ်လာတယ်။ နတ်သမီးရဲ့ အရောင်အဝါကို လထွက်ပြီအထင်နဲ့ ဖူးငုံနေတဲ့ ကုမုဒြာကြာပန်းက ပွင့်လိုက်တယ်။ အဲဒီအခါမှာ အသင့်စောင့်နေတဲ့ လိပ်ပြာကလေးနဲ့ ဆုံစည်းခွင့်ရတဲ့အကြောင်း ဖွဲ့ထားပါတယ်။

**"နေဝင်မောင်ဒိုက် လမိုက်မယ်ငုံ"** ဆိုတဲ့ စကားလုံးရှစ်လုံးက အခြားစကားလုံးတွေ ဖြည့်စွက်မရ ဖြုတ်မရအောင် တန်ဖိုးကြီးလှပြီး မခင်စောမူက ဘယ်သောအခါမှ မဆုံစည်းနိုင်တဲ့ ချစ်သူနှစ်ဦးကို သူ့ကဗျာထဲမှာ ပေါင်းစပ်ပေးထားခဲ့ပါတယ်။ စာဆိုရဲ့ ဆန်းသစ်တဲ့ အတွေးတစ်ခုကြောင့် မြန်မာစာပေလောကအတွက် စံပြုစရာ ကဗျာတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

မောင်ဘသောင်းကတော့ တောင်ငူခေတ်စာဆိုရဝေရှင်ထွေးရေးတဲ့ ဆံထုံး ထုံးနည်း ၅၅မျိုး အန်ချင်းကဗျာကို အတုယူပြီး အဲဒီအချိန်အခါက တက္ကသိုလ်ကျောင်းသူတွေရဲ့ အပြင်အဆင်ကို **"ဆံထုံးရကန်"** နဲ့ ဟာသနှောရေးဖွဲ့ပါတယ်။ ခေတ်ကို ထင်ဟပ်ပြနိုင်တဲ့ ခေတ်စမ်းရဲ့ ထူးခြားကွက် တစ်ခုပါ။

**"သီကာပတ်ကုံး၊ ပူပုံထုံးဟု၊ ယဉ်ဆုံးတွင်မှတ်၊ ဘီးဆံပတ်၏၊ ထုပွတ်ခြင်းရာ၊ အဖြာဖြာကို၊ ပေလယျာကန်၊ ဝကွက်၍ချန်ပြီးလျှင် ရကန်ဉာဏ် ရကန်ပန်း စာအဆန်းကို ဥဒါန်းဖြစ်အောင် ကြံစို့။**

အော်လံထုံးနည်း တံမြက်လှည်းပေါင်းချောင် ထို့နောင်အိုးစည် ရန်လည်ပတ်ဝိုက် ရန်တိုင်စိုက်နှင့် ငှက်သိုက်ဗူးတောင်း ဖျာလိပ်ခေါင်း ဒေါက်ချာ သညာတွင်တုံ နွားချေးပုံဟု လုံးစုံထွေပြား ထုံးနည်းများလည်း တသီးတခြားပေါ်သည်တွင် " ....လို့ ရကန်ဖွဲ့စပ်ဟန်အတိုင်း ရွှင်ရွှင်မြူးမြူး ရေးဖွဲ့ထားပါတယ်။

စောမောင်မောင်ဆိုတဲ့ ကလောင်ရှင်ကတော့ မယ်ဘွဲ့ပိုဒ်စုံစကြာရတုကို ရေးဖွဲ့လို့ ဝေးနေသူ မယ်ကလေးကို တမ်းတဟန်ဖွဲ့စပ်ပါတယ်။ ရေးမူမပျက် ရေးဖွဲ့တဲ့ကဗျာမျိုးပါ။

**"တွေမှိုင်တွေမှိုင်၊ ခွေကာယိုင်၍၊ မေ့နိုင်မေ့နိုင်၊ မောင့်သည်းဆိုင်မှာ၊ နေပြိုင်၍ထွန်း၊ သို့ပူ လွန်းခဲ့"**

**"မောင်ကားတရွာ၊ မယ့်မှာတပြည်၊ ဖြစ်ရသည်ကြောင့်"** လို့ ရိုးရိုးကြီးရေးဖွဲ့ပါတယ်။ ဆရာကြီး ဦးဖေမောင်တင်က **"ဒီကဗျာတွေကို ရေးခဲ့တဲ့ တပည့်လူငယ်တို့ဟာ မြေစမ်း၍ ခရမ်းပျိုးနေရသည် ဖြစ်သောကြောင့် မပြေပြစ် မကျစ်လျစ် မသိပ်သည်း မပြည့်စုံသော အဖွဲ့မျိုးကို ဖွဲ့မိပါမူ အပြစ်လွှတ်ရန်သာ ဖြစ်တော့သည်"** လို့ အမိန့်ရှိခဲ့ပါတယ်။ မြေစမ်း ခရမ်းပျိုးနေတဲ့ တပည့်တွေကို မြေတောင်မြှောက်ပေးနေတဲ့ ဆရာတစ်ယောက်ရဲ့ တာဝန်ယူတာဝန်ခံမှု ခေါင်းဆောင်နိုင်မှုတွေကို လေးစားဖွယ် တွေ့မြင်ရပါတယ်။ ဒီအကြောင်းကို ဖတ်မိတဲ့အခါ ကျွန်မတို့ဟာ နောက်မျိုးဆက်သစ်ကို ပျိုးထောင်ပေးနိုင်တဲ့ ပန်းပျိုးလက် ပိုင်ရှင်တွေဖြစ်ခဲ့ရဲ့လားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့ လိုနေပြီလို့ အတွေးဝင်ခဲ့ပါတယ်။

ဒါ့အပြင် ဆရာကြီးက **"လောကတွင် ကြီးကျယ်ခမ်းနားသော အရာသာ အရေးကြီးသည် မဟုတ်၊ စူးနေရာမှာ စူး၊ ဆောက်နေရာမှာဆောက် ဆိုသကဲ့သို့ သေးငယ်သော အရာသည်လည်း သက်ဆိုင်သည့်ဌာနတွင် အရေးကြီး အရာဝင်ပေသည်"** လို့ သူ့ရဲ့ အတွေးအမြင်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဆရာကြီးထွင်ခဲ့တဲ့ လမ်းကြောင်းအတိုင်း ဆက်လျှောက်ခဲ့တဲ့ ခေတ်စမ်း ကဗျာစာဆိုတပည့်သားတွေက စာပေခေတ်တစ်ခေတ်ကို ဆန်းသစ်စေခဲ့ပါတယ်။ ကျွန်မတို့မြန်မာစာပေမှာ အတွေးသစ် အမြင်သစ်တွေ ပေါက်ဖွား ပုံဖော်လာကြပါတယ်။

အမိရန်ကုန်တက္ကသိုလ်မြေကနေ မြန်မာစာပေလောကတစ်ခွင်ကို ပြောင်းလဲစေခဲ့တဲ့ ခေတ်စမ်းစာပေရဲ့ စွမ်းဆောင်မှုတွေက တက္ကသိုလ်လာဆိုတဲ့ အမည်နဲ့ လိုက်ဖက်ပါတယ်။ တွေးခေါ်မြော်မြင် တီထွင်ဖန်တီးမှုတွေ ပေါ်ထွက်ရာ နေရာဌာနရဲ့ တာဝန်ကျေပွန်မှုကို ညွှန်းဆိုပါတယ်။ ခေတ်စမ်းစာပေရဲ့ ကဗျာကဏ္ဍတစ်ခုနဲ့တင် စာဆိုတွေရဲ့ ခွန်အားစွမ်းပကား ပမာဏကို မှန်းဆလို့ရနိုင်ပါတယ်။ ရှေ့လူတွေ တာဝန်ကျေခဲ့သလို ကျွန်မတို့ဆက်ပြီး တာဝန်ကျေခဲ့ပါသလား၊ တွေးတောကြံဆ စမ်းသပ်တီထွင် ဖန်တီးရတဲ့ သုတေသနရပ်ဝန်းမှာ ရပ်တည်နေဖို့ ငါနဲ့ထိုက်တန်ရဲ့လားဆိုတဲ့ မေးခွန်းတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရင်း အမိတက္ကသိုလ်မြေကို ဦးညွှတ်လိုက်ပါတယ်။ ။

**ဆရာကြီးက သူ့တပည့်တွေရဲ့ လက်ရာကို မိတ်ဆက်ပေးရာမှာလဲ "ယခု ပုံနှိပ်အပ်သောကဗျာများသည် လူငယ်များရေးသားကြသည့်အတိုင်း ဆန်းသစ်သောကဗျာများ ဖြစ်ကြ၏။ ဆန်းသစ်သည်ဆိုရာ၌ အဖွဲ့အမျိုးအစားဆန်းသစ်သည်ဟု မဆိုလို၊ စိတ်ကူးဆန်းသစ်သည်ကိုသာ ဆိုလိုပါသည်" လို့ အရေးထက် အတွေးဆန်းသစ်မှုကို ဦးစားပေးရွေးချယ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဆရာကြီးရဲ့ အမြော်အမြင်နဲ့ တပည့်တွေရဲ့ အရည်အသွေးကို ယုံကြည်စိတ်ချမှုတွေက ခေတ်စမ်းစာပေဆိုတဲ့ စာပေတစ်ခေတ်ကို ဆန်းသစ်လာစေခဲ့**

# ဂုဏ်ယူနွဲ့ပျော် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်

**မွန်းဦးနဒီ**

ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်ကြီးကျင်းပရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရာပြည့်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဆပ်ကော်မတီအလိုက် ကျင်းပသွားမည့် အခမ်းအနားများနှင့် ပညာရေးကဏ္ဍ ပြန်လည်မြင့်မားစေရန် နိုင်ငံတကာနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရှိမှု အခြေအနေများကို သိရှိနိုင်ရန် ရန်ကုန်တက္ကသိုလ်၏ ၁၆ ဦးမြောက် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းအား မြန်မာ့သတင်းစဉ်မှ ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**(ယမန်နေ့မှ အဆက်)**

**မေး ။ ။ ရန်ကုန်တက္ကသိုလ်ရဲ့ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နေတဲ့ အခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ် ဆရာကြီးရှင့်။**

ဖြေ ။ ။ ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာအသိအမှတ်ပြုတဲ့ မြန်မာနိုင်ငံရဲ့ ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ရပ်တည်နိုင်ဖို့၊ တက္ကသိုလ်ရဲ့ ရုပ်ပိုင်းနဲ့ပညာရပ်ပိုင်းဆိုင်ရာ နှစ်ရပ်စလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ ရန်ကုန်တက္ကသိုလ် ဘက်စုံပြုပြင်မွမ်းမံအဆင့်မြှင့်တင်ရေး မဟာစီမံကိန်း (၂၀၁၈-၂၀၃၀)ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မဟာစီမံကိန်းရဲ့ အရေးကြီးဆုံးအစိတ်အပိုင်းတစ်ခုက နိုင်ငံတကာ ဆက်စပ်မဟာဗျူဟာများ (International Engagement Strategies) ချမှတ်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းရဲ့ ရည်ရွယ်ချက်က (၁) ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုနှင့် သုတေသန အရည်အသွေး တိုးတက်မြင့်မားလာစေရန်၊ (၂) ကျောင်းသား၊ ကျောင်းသူများအား ကမ္ဘာ့နိုင်ငံအသီးသီးရှိ ယဉ်ကျေးမှုကွဲပြားသော ဝန်းကျင်များ (Intercultural world) တွင် အံဝင်ခွင်ကျ ပြုမူဆောင်ရွက်တတ်စေရန်၊ (၃) တက္ကသိုလ်၏ Global visibility မြင့်တက်လာစေရန် (၄) တက္ကသိုလ်နှင့် လူမှုအဖွဲ့အစည်းအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း (University–Community Engagement) မှတစ်ဆင့် သင်ကြားရေးနှင့် သုတေသန စွမ်းရည်မြင့်တက်ပြီး လူမှုအဖွဲ့အစည်း (ဒေသ)ကို အကျိုးပြုရန်တို့ ဖြစ်ပါတယ်။

အဲဒီရည်မှန်းချက်တွေ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေနဲ့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းနှင့် သင်တန်းသား ဖလှယ်ခြင်းအစီအစဉ်မှာဆိုရင် ရန်ကုန်တက္ကသိုလ်ဟာ ကမ္ဘာ့ထိပ်တန်း နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ စင်ကာပူ၊ ဟန်ဂေရီ၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံတွေက တက္ကသိုလ်တွေနဲ့ နားလည်မှုစာချွန်လွှာများ (Memorandum of Understanding – MoU) လက်မှတ်ရေးထိုးပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့် ဆောင်ရွက်လျက် ရှိပါတယ်။ ယခုအချိန်ထိ MoU ၅၈ စောင် ရေးထိုးပြီး ဖြစ်ပါတယ်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှာ တက္ကသိုလ်နှစ်ခုအကြား ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူများ ဖလှယ်ခြင်း၊ သုတေသန နှီးနှောဖလှယ်ပွဲ၊ ညီလာခံ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းကျင်းပခြင်း၊ သုတေသန စာစောင်များ ပူးတွဲ ထုတ်ဝေခြင်းတို့ ပါဝင်ပါတယ်။ MoU လက်မှတ်ရေးထိုးရာမှာ အချို့ MoU တွေက မိတ်ဖက်တက္ကသိုလ်တွေက ကိုယ်စားလှယ်တွေ ရန်ကုန်တက္ကသိုလ်ကို လာရောက်လက်မှတ်ရေးထိုးပါတယ်။ အချို့ကတော့ ရန်ကုန်တက္ကသိုလ်မှ ကိုယ်စားလှယ်များ မိတ်ဖက် တက္ကသိုလ်များကို သွားရောက်လက်မှတ်ရေးထိုးပါတယ်။ အချို့က MoU စာရွက်စာတမ်းတွေကို စာတိုက်ကနေ အပြန်အလှန်ပေးပို့ပြီး လက်မှတ်ရေးထိုးပါတယ်။ ရန်ကုန် တက္ကသိုလ်ကို ပြည်ပမိတ်ဖက် အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ လာရောက်လက်မှတ် ရေးထိုးခဲ့တဲ့ နောက်ဆုံး MoU ကတော့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့က ရေးထိုးခဲ့တဲ့ MoU between University of Yangon and Purdue University Fort Wayne နဲ့ National Centre for English Language (UY) and Purdue University Fort Wayne ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ်နဲ့ ဒေသတွင်း ကျောင်းသားဖလှယ်ခြင်းအစီအစဉ်များမှာ နှစ်စဉ် နိုင်ငံတကာ ကျောင်းသား ၁၀၀ ကျော်ကို ရန်ကုန်တက္ကသိုလ်ကနေ လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ ယခုအချိန်အထိ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများဟာ exchange, internship, Full degree program စတဲ့ နှစ်တို/ နှစ်ရှည် အစီအစဉ်အမျိုးမျိုးနဲ့ နိုင်ငံတကာ တက္ကသိုလ်များကို သွားရောက် ပညာသင်ကြားခွင့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ကျောင်းသား ၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ဖလှယ်ခြင်း အစီအစဉ်တွေအပြင် ဧည့်ပါမောက္ခ အစီအစဉ်များ (visiting fellow/ professor) လည်း ဆောင်ရွက်နေပါတယ်။ ဥပမာ Open Society Foundations (OSF) က ထောက်ပံ့တဲ့ scholar exchange အစီအစဉ် (နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ဥပဒေပညာဌာနနှင့် ရှေးဟောင်းသုတေသနပညာဌာနများအတွက်) နဲ့ AUN–SEED/net က ထောက်ပံ့တဲ့ Visiting Professor အစီအစဉ် ဖြစ်ပါတယ်။

စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုပရိုဂျက်တွေ၊ အစီအစဉ်တွေမှာ ပါဝင်ဆောင်ရွက်ခြင်းအနေနဲ့ ပြောရမယ်ဆိုရင် ရန်ကုန်တက္ကသိုလ်ဟာ The Asian University Alliance (AUA) ရဲ့ အဖွဲ့ဝင် ဖြစ်ပါတယ်။ SEAMEO (The Institute of the SouthEast Asian Ministers of Education Organization)ရဲ့ ပရိုဂျက်တွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ပရိုဂျက်တချို့ကတော့ (RELC (language), CHAT (Culture and History), RIHED (Higher Education Development), QITEP (Science)) တို့ဖြစ်ပါတယ်။ ဒါ့အပြင် Bilateral Development Agencies က ထောက်ပံ့တဲ့ ပရိုဂျက်တွေမှာလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ– ဥရောပကော်မရှင်က ထောက်ပံ့တဲ့ ပရိုဂျက်တွေ ဖြစ်တဲ့ Erasmus+ Capacity Building Projects, EU–SHARE, CHINLONE, TIDE (UK aid, DFID), Toolkit, DAAD ၊ ဒေသတွင်းအစီအစဉ်တွေဖြစ်တဲ့ ASEAN–Japan Program, ASEAN–India Universities Network, KFAS (Korean Foundation for Advanced Studies), Chinese Government Scholarship program တွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာညီလာခံတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လက်ခံကျင်းပခြင်း၊ ပါဝင်ခြင်းအနေနဲ့ ပြောရမယ်ဆိုရင် ဆရာဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေဟာ နောက်ဆုံးနည်းပညာများ၊ သတင်းအချက်အလက်များ ရရှိနိုင်ဖို့ ၊ နိုင်ငံတကာမှသုတေသီများနဲ့ ပညာရေးဆိုင်ရာ အမြင်များ၊ စိတ်ကူးများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ဖို့၊ သုတေသနနယ်ပယ်အသီးသီးမှ အသစ်တွေ့ရှိချက်များနှင့်အတူ စိန်ခေါ်မှုများကို သိရှိနားလည်နိုင်စေဖို့အတွက် နိုင်ငံတကာတက္ကသိုလ်များနှင့်ပူးပေါင်းပြီး နိုင်ငံတကာ သုတေသနညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို ရန်ကုန်တက္ကသိုလ်က လက်ခံကျင်းပခြင်း၊ နိုင်ငံတကာ မိတ်ဖက်တက္ကသိုလ်တွေက လက်ခံကျင်းပတဲ့ ညီလာခံတွေမှာလည်း ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စေလွှတ်၍ တက်ရောက်စေခြင်းကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။

သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းအပိုင်းမှာ ရန်ကုန်တက္ကသိုလ်ရဲ့ Master Plan အရ ၂၀၂၀ ရာပြည့်အမီ လက်ရှိသင်ရိုးညွှန်းတမ်းများကို ပရိုဂျက်အခြေပြုလေ့လာသင်ယူခြင်းနဲ့ လုပ်ငန်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် သင်ရိုးညွှန်းတမ်းများအဖြစ် အဆင့်မြှင့်တင်ရမှာ ဖြစ်ပါတယ်။ ဘွဲ့ကြိုသင်တန်း ဝိဇ္ဇာဘာသာရပ်များအတွက် Central European University (CEU) က ပံ့ပိုးကူညီမှုများ ရယူဆောင်ရွက်ခဲ့ပါတယ်။

ဘွဲ့ကြိုသင်တန်း သိပ္ပံဘာသာရပ်များအတွက် သင်ရိုးညွှန်းတမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ၂၀၁၉ ခုနှစ်မှာ ဖွဲ့စည်းပြီး နိုင်ငံတကာတက္ကသိုလ်များမှ သင်ရိုးညွှန်းတမ်း ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း (1st Phase) သိပ္ပံဌာနတွေမှာ နိုင်ငံတကာပညာရှင် ၁၅ ဦးလာရောက်ပြီး သင်ရိုးညွှန်းတမ်း ပြန်လည်ဆန်းစစ်ခြင်း၊ အဆင့်မြှင့်တင်ဖို့ စီစဉ်လျာထားခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ နိုင်ငံတကာပညာရှင်များအတွက် ကုန်ကျစရိတ်များကို ဒိန်းမတ်နိုင်ငံအစိုးရက ထောက်ပံ့တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ရန်ပုံငွေ (Capacity Development Fund–CDF) ကနေ ရယူသုံးစွဲပါတယ်။ ဒီအစီအစဉ်နဲ့ ဘွဲ့ကြိုသင်တန်း ဝိဇ္ဇာဘာသာရပ်များရဲ့ သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်

*စာမျက်နှာ ၂၃ သို့*




ရေနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပညာဌာနနှင့် ငါးလုပ်ငန်းပညာဘာသာရပ်တို့ ထားရှိသော ရန်ကုန်တက္ကသိုလ် သုတေသနနှင့် ဆန်းသစ်တီထွင်မှု အဆောက်အအုံ။

**“ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာအသိအမှတ်ပြုတဲ့ မြန်မာနိုင်ငံရဲ့ ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ရပ်တည်နိုင်ဖို့၊ တက္ကသိုလ်ရဲ့ ရုပ်ပိုင်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာ နှစ်ရပ်စလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ ရန်ကုန်တက္ကသိုလ် ဘက်စုံပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ရေးမဟာစီမံကိန်း (၂၀၁၈-၂၀၃၀) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မဟာစီမံကိန်းရဲ့ အရေးကြီးဆုံး အစိတ်အပိုင်းတစ်ခုက နိုင်ငံတကာဆက်စပ်မဟာဗျူဟာများ (International Engagement Strategies) ချမှတ်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်”**



## ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၏ ကိုယ်ရေးအချက်အလက်

- ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ၂၀၁၅ ခုနှစ်မှ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ်၏ (၁၆) ဦးမြောက် ပါမောက္ခချုပ်ဖြစ်သည်။
- ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်မှာပင် ဒုတိယ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ရူပဗေဒ ပါမောက္ခတစ်ဦးအဖြစ် ၂၀၀၇ ခုနှစ်တွင် ရာထူးတိုးခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာနတွင် ဌာနမှူးအဖြစ် သိပ္ပံဘာသာရပ် နယ်ပယ်အစုံမှ သုတေသီများကို ဦးဆောင်၍ တက္ကသိုလ်များ သုတေသန ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွား လုပ်ငန်းအဖွဲ့အစည်းများ၏ လိုအပ်သော သုတေသနတိုင်းတာမှုများကို ဆောင်ရွက်ခဲ့သည်။
- ယင်းမတိုင်မီ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် ၂၃ နှစ်တိုင်တိုင် သင်ကြားရေးနှင့် သုတေသနကို ပူးတွဲ၍ စွမ်းစွမ်းတမံ ဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဌာနဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- ၁၉၇၇ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အထက(၁) လမ်းမတော် ရန်ကုန်မြို့မှ အောင်မြင်ခဲ့ပြီး သိပ္ပံဂုဏ်ထူးဘွဲ့ (ရူပဗေဒ)ကို ၁၉၈၂ ခုနှစ်တွင် လည်းကောင်း၊ မဟာသိပ္ပံဘွဲ့ (ရူပဗေဒ)ကို ၁၉၈၆ ခုနှစ်တွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ပါရဂူဘွဲ့ (ရူပဗေဒ) ကို ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတက္ကသိုလ်မှ ၁၉၉၅ ခုနှစ်တွင် ရရှိခဲ့သည်။
- ကွန်ပျူတာသိပ္ပံ၊ ဓာတုဗေဒနှင့် ရူပဗေဒ ဘာသာရပ် အထူးပြု ပါရဂူဘွဲ့၊ မဟာသုတေသနဘွဲ့၊ မဟာဘွဲ့ကျမ်းပေါင်း ၂၀၀ ကျော်ကို ကြီးကြပ်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းပေါင်း ၅၀ ကျော် ထုတ်ဝေခဲ့သည်။
- ၂၀၀၉ ခုနှစ်တွင် အာဆီယံတက္ကသိုလ်များ ကွန်ရက် (မလေးရှား၊ ဂျပန်၊ မြန်မာ) ပူးတွဲ သုတေသနဖြင့် မလေးရှားနိုင်ငံ Malaysian Invention and Design Society မှ ချီးမြှင့်သော ရွှေတံဆိပ်ဆု (ITEX GOLD MEDAL 2019) ကို ရရှိခဲ့သည်။
- ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဗြိတိသျှကောင်စီ ကမ္ဘာ့ပညာရေးအပြန်အလှန် ဆွေးနွေးခြင်းကဏ္ဍတွင် “မြန်မာ့သုတေသနမဟာဗျူဟာ” အကြောင်း ပါဝင်ဟောပြောခဲ့သည်။
- ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ Midwest University မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အင်္ဂလန်နိုင်ငံ Institute of Physics ၏ အဖွဲ့ဝင်လည်း ဖြစ်ခဲ့ပြီး ရူပဗေဒဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၂၂ မှ*

ဟာ ၂၁ ရာစု ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရဲ့ စိန်ခေါ်မှုများကို ဖြည့်ဆည်းပေးမယ့်အသိပညာနဲ့ ကျွမ်းကျင်မှုအသစ်များ ရရှိစေဖို့ ပြုစုပျိုးထောင်ပေးနေရတဲ့ တက္ကသိုလ်ရဲ့ လုပ်ငန်းစဉ်ကို များစွာအထောက်အကူပြုပါတယ်။

ဘွဲ့၊ ဘာသာရပ်အစီအစဉ်အသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းအနေနဲ့ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နဲ့ ဒေသလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့ဒီဂရီ အစီအစဉ်အသစ်များ တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။

ရေနဲ့ ပတ်ဝန်းကျင်ဆိုင်ရာပညာဌာန (Water and Environmental Studies Department) ကို ၂၀၁၉ ဖေဖော်ဝါရီလမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်လှစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံအတွက် လိုအပ်နေတဲ့ ရေပညာရပ်ကျွမ်းကျင်တဲ့ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးပြီး မြန်မာနိုင်ငံရဲ့ ပေါများကြွယ်ဝတဲ့ ရေသယံဇာတကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ဖို့နဲ့ စိန်ခေါ်မှုတွေကို ဟန်ချက်ညီညီ ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ ယခုလာမယ့် ပညာသင်နှစ်ကနေစပြီး ရေပညာရပ်ဆိုင်ရာ ဘွဲ့ကြိုသင်တန်း (B.Sc. Water Studies) နဲ့ ရေပညာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း (Postgraduate Diploma in Water Studies) တွေကို ဖွင့်လှစ်မှာ ဖြစ်ပါတယ်။

ရေပညာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာကို ဟန်ဂေရီနိုင်ငံ Central European University (CEU) ရဲ့ အထောက်အပံ့နဲ့ ၂၀၁၉ ခုနှစ် မေလအတွင်း ရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ ရေပညာရပ်ဆိုင်ရာ ဘွဲ့ကြိုသင်တန်းအတွက် NUFFIC (နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက် နယ်သာလန်တက္ကသိုလ်များအဖွဲ့အစည်း)ရဲ့ Orange Knowledge Program က ပံ့ပိုးမှုနဲ့ နယ်သာလန်နိုင်ငံ UV University Amsterdam က ရေပညာရှင်များနဲ့ ပူးပေါင်းပြီး Labour Market Needs Assessment ကို ဆောင်ရွက်ခဲ့ပါတယ်။ ရရှိခဲ့တဲ့ ရလဒ်အပေါ်မူတည်ပြီး လိုအပ်ချက်နဲ့ ကိုက်ညီအောင် သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ်ပြီး နိုင်ငံတကာအဆင့်မီ ရေးဆွဲခဲ့ပါတယ်။

နိုင်ငံတကာမှကျွမ်းကျင်ပညာရှင်တွေထဲမှာ အမေရိကန်နိုင်ငံ Northern Illinois University, Colorado State University၊ နယ်သာလန်နိုင်ငံ VU University Amsterdam၊ ဆွီဒင်နိုင်ငံ Lund University တို့မှ မြေအောက်ရေ နဲ့ ရေအရည်အသွေးကျွမ်းကျင်ပညာရှင်၊ မြစ်ချောင်းနဲ့ ရေဝေရေလဲ စီမံခန့်ခွဲမှုပညာရှင်၊ ရာသီဥတုပြောင်းလဲခြင်းနဲ့ ရေသယံဇာတ ဘေးအန္တရာယ်လျှော့ချခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ ပါဝင်ခဲ့ပါတယ်။

ငါးလုပ်ငန်းပညာဘာသာရပ် (Fisheries and Aquaculture) ကို ၂၀၁၈ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ငါးလုပ်ငန်းကဏ္ဍဟာ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍနဲ့ နိုင်ငံခြားဝင်ငွေကို သတ္တမမြောက် အများဆုံးရှာဖွေပေးနိုင်တဲ့ကဏ္ဍဖြစ်တဲ့အတွက် ဒီကဏ္ဍကို နည်းပညာအသုံးချမှုများဖြင့် ပိုမိုဖွံ့ဖြိုးစေဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ငါးလုပ်ငန်းပညာဘာသာရပ်မှ ဆရာ/ဆရာမများနဲ့ ကျောင်းသားကျောင်းသူများဟာ University–Industry partnership ဖွံ့ဖြိုးတိုးတက်စေဖို့ Industry မှ လိုအပ်တဲ့ အတတ်ပညာကျွမ်းကျင်တဲ့ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ အသုံးချသုတေသနများ ပြုလုပ်ပြီး ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နည်းပညာမျှဝေခြင်း၊ အကြံပေးခြင်းများ ပြုလုပ်ပေးလျက် ရှိပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်တွေက ငါးလုပ်ငန်းပညာဘာသာရပ် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီစေရေးနဲ့ အဆင့်မြင့်သုတေသနများ ဆောင်ရွက်နိုင်ရေးတို့မှာ စဉ်ဆက်မပြတ် ကူညီခဲ့ကြပါတယ်။ The German Agency for Internal cooperation (GIZ)နဲ့ European Union ရဲ့ Myanmar Sustainable Aquaculture project (MSAP) မှ အမေရိကန်ဒေါ်လာ ငါးသိန်းခန့်တန်ဖိုးရှိတဲ့ ဓာတ်ခွဲခန်းများ၊ အမေရိကန်နိုင်ငံ တကာဖွံ့ဖြိုးမှုအေဂျင်စီ USAID က အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သိန်းတန်ဖိုးရှိ ဓာတ်ခွဲခန်းပစ္စည်းများ လှူဒါန်းခဲ့ ပါတယ်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကလည်း Computer Lab တည်ဆောက်ပေးခဲ့ပါတယ်။ အခြားသော ပြည်တွင်းငါးလုပ်ငန်းအဖွဲ့များကလည်း သုတေသနလုပ်ငန်းအတွက် လိုအပ်တဲ့ပံ့ပိုးမှုများပြုလုပ်ပြီး Private–Public Partnership များ ထူထောင်လုပ်ကိုင်လျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ ASEAN Fisheries Education Network (ASEAN – FEN) အဖွဲ့ဝင်တက္ကသိုလ်ဖြစ်တဲ့အတွက် အာဆီယံတက္ကသိုလ်အတွင်းရှိ ငါးလုပ်ငန်းပညာ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအကြား ဖလှယ်ခြင်းအစီအစဉ်များနဲ့ သုတေသနပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါတယ်။ တိုင်းရင်းသားပညာ Nationalities Studies အနေနဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် ဦးတည်ချက် ငါးရပ်ထဲမှာ "ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုစေရန်" ရည်ရွယ်ပြီး တိုင်းရင်းသားရေးရာကို လေ့လာမယ့် တိုင်းရင်းသားပညာကို တိုးမြှင့်သင်ကြားနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။

သုတေသနနဲ့ ဆန်းသစ်တီထွင်မှုဗဟိုဌာန (CRI) တည်ထောင်ခြင်းမှာ ပညာရေးဝန်ကြီးဌာနရဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan – NESP) (၂၀၁၆–၂၁) အခန်း (၁၂)၊ မဟာဗျူဟာ (၂)၊ အပိုင်း (၁) ကို အကောင်အထည်ဖော်ဖို့ ရန်ကုန်တက္ကသိုလ်မှာ သုတေသနနဲ့ ဆန်းသစ်တီထွင်မှုဗဟိုဌာန (Centre for Research and Innovation – CRI) တည် ထောင်ဖို့ စီစဉ်လျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ် CRI တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့– (၁) ၂၁ ရာစု စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တက္ကသိုလ်၏ ဘွဲ့အစီအစဉ်များတွင် စဉ်ဆက်မပြတ်အသုံးချသင်ယူခြင်း၊ သုတေသနနှင့် ဆန်းသစ်တီထွင်ယဉ်ကျေးမှုခေတ်စားလာစေရန် (၂) သင်ရိုးညွှန်းတမ်းများ တိုးတက်ကောင်းမွန်ပြီး စက်မှုလုပ်ငန်းအခြေပြုသင်ယူမှု အခွင့်အလမ်းများ ရရှိစေနိုင်ရန်အတွက် တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းများအကြား ပုံမှန်ချိတ်ဆက်မှု အားကောင်းလာစေရန် (၃) လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတားအဆီးများ၊ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် ဆန်းသစ်တီထွင်နိုင်မှုနှင့် အထောက်အထားအခြေပြုရလဒ်ကောင်းများရရှိရန် အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစက်မှုလုပ်ငန်းများအကြား မိတ်ဖက်ဆောင်ရွက်ခြင်း ဖွံ့ဖြိုးလာစေရန်တို့ ဖြစ်ပါတယ်။

ဒိန်းမတ်နိုင်ငံအစိုးရက ထောက်ပံ့တဲ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုရန်ပုံငွေ (Capacity Development Fund–CDF) နဲ့ "Feasibility Study for CRI Establishment" လုပ်ငန်းဆောင်ရွက်ဖို့ ပညာရေးဝန်ကြီးဌာနကို ခွင့်ပြုချက်တောင်းခံပြီး စိတ်ဝင်စားတဲ့ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများကို အဆိုပြုလွှာများ တင်သွင်းဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ စကားဝါဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ လီမိတက်က "Design of School–Industry Partnership SIP TOR and Feasibility Study to establish Centre for Research and Innovation" လုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှာ စတင်ဆောင်ရွက်ခွင့်ရရှိပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ ပြီးစီးမှာ ဖြစ်ပါတယ်။

Feasibility study နဲ့ ပတ်သက်တဲ့ အသေးစိတ် အစီရင်ခံစာကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရရှိရင် လာမယ့် ၂၀၂၁ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်၊ Centre for Research and Innovation (CRI) ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်မှန်းပါတယ်။ CRI ကို အင်းလျားလမ်းမှာရှိတဲ့ လက်ရှိတည်ဆောက်ပြီး လိုအပ်ချက်တွေနဲ့ လိုက်ဖက်မှုရှိတဲ့ ခြောက်ထပ် အဆောက်အအုံမှာ ထားရှိဖို့ လျာထားပြီးဖြစ်ပါတယ်။ ဘာသာရပ်ဌာနအသစ်နှစ်ခုဖြစ်တဲ့ ငါးလုပ်ငန်းပညာဘာသာရပ်နဲ့ ရေနဲ့ ပတ်ဝန်းကျင်ဆိုင်ရာပညာဌာနကို CRI Building မှာ ထားရှိပါတယ်။ CRI အတွက် အစည်းအဝေးခန်းများ၊ ရုံးခန်းများ၊ သင်ကြားရေးဌာနများမှ Common/Research Focus/Project Laboratories များကိုလည်း နေရာချထားပြီးဖြစ်ပါတယ်။

နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့ ရန်ကုန်တက္ကသိုလ်မှာ International Cooperation Office (ICO) ကို ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပြီး လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) က ဦးဆောင်ပြီး သင်ကြားရေးဌာနများမှ ဆရာ ဆရာမ (၈) ဦးက အချိန်ပိုင်းတာဝန်ယူဆောင်ရွက်နေပါတယ်။ အင်္ဂလန်နိုင်ငံ University of Warwick မှ James Kennedy က ICO မှာ အချိန်ပိုင်း Internationalization advisor အဖြစ်တာဝန်ယူပြီး ICO အဖွဲ့ဝင်တွေကို တက္ကသိုလ် ဝက်ဆိုက်ဘ်ဖန်တီးခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ အီးမေးလ်များ စနစ်တကျလက်ခံ သိမ်းဆည်းခြင်း၊ MoU တွေကို စစ်ဆေးခြင်းစတဲ့ အခြေခံကျွမ်းကျင်မှု သင်တန်းများ ပေးခဲ့ပါတယ်။ ယခုအချိန်မှာ James Kennedy ရဲ့ ကူညီမှုနဲ့ သုတေသီများရဲ့ သုတေသနတွေ၊ စာတမ်းတွေ သတင်းအချက်အလက် စုံလင်၍ လွယ်ကူစွာ အသုံးပြုနိုင်တဲ့ ရန်ကုန်တက္ကသိုလ် ဝက်ဆိုဘ် တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ICO ဟာ သုတေသီတွေနဲ့ ကျောင်းသား ကျောင်းသူတွေကို Internationalization ကိစ္စရပ်တွေမှာ ကူညီပံ့ပိုးပေးမှုအပြင် ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာမျက်နှာစာမှာ ပိုမိုသိမြင်လာစေဖို့ ကြိုးစားဆောင်ရွက်တဲ့ လုပ်ငန်းစဉ်မှာလည်း အရေးပါတဲ့အခန်းကနေ ပါဝင်ပါတယ်။

တက္ကသိုလ်တစ်ခုရဲ့ အောင်မြင်မှုဟာ နိုင်ငံတကာမိတ်ဖက်များနဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်းမှာ အားထည့်ဆောင်ရွက်နိုင်စွမ်းအပေါ် မူတည်နေပါ



ပြုပြင်မွမ်းမံထားသော တက္ကသိုလ်ဓမ္မာရုံအဆောက်အအုံ။

တယ်။ သာမန်ကာလျှံကာ ပူးပေါင်းဆောင်ရွက်ခြင်းဟာ အောင်မြင်မှုကိုရဖို့ ခက်ခဲပါတယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းကို အထူးအလေးပေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအသိအမှတ်ပြုသော၊ ဂုဏ်ဆောင်တက္ကသိုလ် (Myanmar's Flagship University) တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**မေး ။ ။ အခြားဖြည့်စွက် ပြောကြားလိုတာများ ရှိရင် ပြောပေးပါအုံး ဆရာကြီးရှင့်။**

ဖြေ ။ ။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှာ မွေးဖွားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ်ပေါင်း ၁၀၀ ပြည့်မြောက်ပြီး ဒုတိယရာစုနှစ်များအတွင်းသို့ ချင်းနင်းဝင်ရောက်တော့မှာ ဖြစ်ပါတယ်။ ပထမရာစုနှစ်များအတွင်း တက္ကသိုလ်ရဲ့ အောင်မြင်မှုများ၊ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ လက်ရှိဆောင်ရွက်နေတဲ့ စီမံကိန်းများ၊ လုပ်ငန်းစဉ်များနဲ့ ဒုတိယရာစုနှစ်တက္ကသိုလ်ရဲ့ မျှော်မှန်းချက်များကို တက္ကသိုလ်ကိုယ်စား ပါမောက္ခချုပ်အနေဖြင့် တက္ကသိုလ်ရဲ့ ရာပြည့်မွေးနေ့အခါသမယမှာ စုစည်းမှတ်တမ်းတင်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ပထမရာစုအတွင်း ရန်ကုန်တက္ကသိုလ်ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်မိပါတယ်။ အမိတက္ကသိုလ်ဟာ ကျွန်တော်တို့ကို အကောင်းဆုံးပုံဖော်ခဲ့ပြီး ကျွန်တော်တို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ လေးနက်တဲ့ လွှမ်းမိုးမှုတွေရှိနေဆဲဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ဘွဲ့ရတွေကနေ ကမ္ဘာကို ယူဆောင်ပြသနေတဲ့ ဗဟုသုတကြွယ်ဝမှု၊ အတွေ့အကြုံအလေ့အကျင့်ကောင်းရှိမှုနဲ့ ကိုယ်ကျင့်သိက္ခာပြည့်ဝမှုများဟာ ရန်ကုန်တက္ကသိုလ်ရဲ့ အောင်မြင်မှုကို သက်သေခံလျက်ရှိပါတယ်။

သူတို့ရဲ့ ရည်မှန်းချက်ကြီးမားမှုနဲ့ ထူးချွန်ထက်မြက်မှုကို မိခင်တက္ကသိုလ်မှ အမြဲဂုဏ်ယူလျက်ရှိပါတယ်။

တက္ကသိုလ်ဟာ သူတို့ပညာသင်နေစဉ်ကာလမှာ သူတို့ဘဝတိုးတက်အောင်မြင်မှုအတွက် အကောင်းဆုံး ပုံသွင်းမှုများ၊ စိတ်ဓာတ်တက်ကြွမှုများ၊ စိတ်ခွန်အားရှိမှုများအတွက် အာမခံပေးပြီး၊ သူတို့ရွေးချယ်လျှောက်လှမ်းမယ့် အနာဂတ် ခရီးမှာ ကျရောက်လာမယ့်တာဝန်နဲ့ စိန်ခေါ်မှုများအတွက် အကောင်းဆုံးပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။

လူသားစွမ်းဆောင်ရည်နဲ့ အတတ်ပညာဆိုင်ရာ အောင်မြင်မှုများကို ရန်ကုန်တက္ကသိုလ်ကနေ မြန်မာ့၊ ကမ္ဘာ့ခေါင်းဆောင်မျိုးဆက်များ မွေးထုတ်ပေးနိုင်မှုစံနဲ့ တိုင်းတာကြည့်နိုင်ပါတယ်။ တက္ကသိုလ်ရဲ့ ထိုကောင်းမြတ်သော အမွေအနှစ်၊ အစဉ်အလာတွေကို ဂုဏ်ယူစွာ ဆက်ခံရင်း ရေရှည်တည်တံ့စေဖို့ ထိန်းသိမ်းလျက် ၂၁ ရာစု ခရီးကို ဆက်လက်ချီတက်ရမှာ ဖြစ်ပါတယ်။


သင်ကြားသင်ယူခြင်း၊ သုတေသနနဲ့ ပညာရေးဝန်ဆောင်မှုပေးခြင်းဆိုတဲ့ တက္ကသိုလ်ရဲ့ အဓိက တာဝန် (၃) ရပ်ကို ပြည့်ဝစွာဆောင်ရွက်နိုင်တဲ့ မြန်မာနိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ် ဖြစ်လာစေဖို့ ရည်ရွယ်ပြီး မကြာမီကာလမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရ တက္ကသိုလ်အဖြစ် အကောင်းဆုံး ဆောင်ရွက်နိုင်ဖို့ ရန်ကုန်တက္ကသိုလ်ဘက် စုံပြုပြင်မွမ်းမံအဆင့်မြှင့်တင်ရေးမဟာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀– တက္ကသိုလ်ရာပြည့်အချိန်မှာ ဒီအသွင်ပြောင်းလုပ်ငန်းစဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းများ ပြီးစီးပြီးနောင်လာမယ့် ရာစုနှစ်အသစ်မှာ အပြောင်းအလဲများ အမြစ်တွယ်ပြီး ဘက်စုံအရည်အသွေးတိုးတက်မှုတွေ၊ ရေရှည်တည်တံ့မှုတွေ ဆက်လက်ဖြစ်ထွန်းစေဖို့ ဆောင်ရွက်ရပါမယ်။

ဒီတာဝန်ကိုဆောင်ရွက်ဖို့ ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ အဖွဲ့အစည်းတစ်ခုလုံးရဲ့ ထူးချွန်ပြောင်မြောက်မှုနဲ့ လုပ်ပိုင်ခွင့်အပြည့်အဝအသုံးချနိုင်မှုတို့အပေါ် အခြေပြုရမှာ ဖြစ်ပါတယ်။ စီမံကိန်းတွေကို အကောင်အထည်ဖော်ရာမှာ ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ ရရှိလာမယ့် အောင်မြင်မှုအတွက် ဂုဏ်ယူပီတိဖြစ်မှုကို မျှဝေခံစားနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

ဒုတိယရာစုနှစ်တက္ကသိုလ်ရဲ့ မျှော်မှန်းချက်မှာ လိုက်လျောညီထွေ အဖြစ်ဆုံး၊ ဆန်းသစ် တီထွင်သုတေသနများမှတစ်ဆင့် နိုင်ငံ့လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ အနာဂတ်လူငယ်များအား ပညာရေးစွမ်းဆောင်ရည်နဲ့ စစ်မှန်တဲ့ အတွေးအခေါ်များ ရှိလာစေဖို့ ပြုစုပျိုးထောင်ပေးရန်ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ စီးပွားရေးနဲ့ လူမှုအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများနဲ့ ချိတ်ဆက်မှု အားကောင်းလာအောင် လမ်းသစ်များခင်းပေးရပါမယ်။ ဦးစားပေးအစီအစဉ်အနေနဲ့ ပေါ်လစီများ ချမှတ်ခြင်း၊ ဒီမိုကရေစီ အုပ်ချုပ်ရေး၊ ကဏ္ဍစုံဖွံ့ဖြိုး တိုးတက်မှုနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ သယံဇာတအရင်းအမြစ်များ ထိရောက်စွာ အသုံးပြုခြင်းစတဲ့ နယ်ပယ်တွေမှာ ခေတ်မီအဆင့်မြင့်သုတေသနနဲ့ သင်တန်းများပေးနိုင်ရန်နဲ့ ရေရှည် တည်တံ့ပြီး ဆန်းသစ်ခေတ်မီတဲ့ ဖြေရှင်းနည်းများနဲ့ အဖြေများကို ထုတ်ပေးနိုင်ရန် လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်ခဲ့တဲ့ သမိုင်းဝင်နေရာ တစ်ခုဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်နယ်မြေဟာ ယဉ်ကျေးမှုဓလေ့နောက်ခံမတူသော လူငယ်လူရွယ်များအတွက် သက်ဆိုင်ရာ သူတို့အဖွဲ့အစည်းများရဲ့ ချန်ပီယံများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနေတဲ့ လှုပ်ရှားသက်ဝင်နေရာတစ်ခုအဖြစ် တစ်ဖန်ပြန်လည် ဖြစ်တည်လာပါလိမ့်မယ်။

ဒီရာပြည့်သဘင်ဆင်နွှဲချိန်အခါမှာ အမိတက္ကသိုလ်ရဲ့ ပထမရာစုအောင်မြင်မှုများကို မှတ်တမ်းတင် ဂုဏ်ပြုလျက် ပိုမိုမြင့်မားသော မျှော်လင့်ချက်များဖြင့် ဒုတိယရာစုကို ကြိုဆိုလိုက်ရပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

# တိုက်စစ်မှူး အောင်သူကိုခေါ်ယူရန် ဘူရီရမ်အသင်းနှင့် ရတနာပုံအသင်း ဆွေးနွေးနေ



မြန်မာ့လက်ရွေးစင်ကစားသမား တိုက်စစ်မှူး အောင်သူ။

**ရန်ကုန် နိုဝင်ဘာ ၁၃**

ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်းသည် MNL ကလပ် ရတနာပုံအသင်း၏ မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူကိုခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ဘူရီရမ်အသင်းသည် အောင်သူကို အပြီးသတ်ခေါ်ယူရန် ကမ်းလှမ်းထားခြင်းဖြစ်ပြီး ရတနာပုံအသင်းတာဝန်ရှိသူများနှင့် အသေးစိတ်အချက်အလက်များ ဆွေးနွေးလျက်ရှိသည်။ အောင်သူသည် ထိုင်းလိဂ်တွင် ပြန်လည်ကစားခွင့်ရရန် အခွင့်အရေးရှိလာခြင်းဖြစ်ပြီး ဘူရီရမ်အသင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရထားကာ ကလပ်နှစ်သင်းကြား သဘောတူညီမှုရပါက အပြောင်းအရွှေ့ဖြစ်ပေါ်လာဖွယ်ရှိနေသည်။ အောင်သူသည် ၂၀၁၈ ခုနှစ်တွင် ထိုင်းလိဂ်သို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၈ ရာသီတွင် Police Tero အသင်း၊ ၂၀၁၉ ရာသီတွင် မြောင်တောင်ယူနိုက်တက်အသင်းတို့၌ ပါဝင်ကစားခဲ့သည်။ အောင်သူသည် ၂၀၂၀ ပြည့်နှစ် ရာသီတွင်မူ မိခင်ကလပ်ဖြစ်သည့် ရတနာပုံအသင်းတွင် ပြန်လည်ကစားခဲ့ပြီး ၂၀၂၀-၂၀၂၁ ထိုင်းလိဂ်ပြိုင်ပွဲ၏ ရာသီဝက် အပြောင်းအရွှေ့ကာလတွင် ဘူရီရမ်အသင်းသို့ ပြောင်းရွှေ့နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ယခုရာသီတွင် ထိုင်းလိဂ်-၁ ကလပ်များတွင် မြန်မာကစားသမားနှစ်ဦး၊ ထိုင်းလိဂ်-၂ ကလပ်များတွင် မြန်မာကစားသမားနှစ်ဦး ပါဝင်ကစားလျက်ရှိသည်။ လက်ရွေးစင်နောက်ခံလူဇော်မင်းထွန်းနှင့် တောင်ပံကစားသမား ဆွမ်လမန်မှာ ထိုင်းလိဂ်-၁၊ လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုနှင့် ယူ-၂၂ လက်ရွေးစင်တိုက်စစ်မှူး အောင်ကောင်းမာန်တို့မှာ ထိုင်းလိဂ်-၂ တို့တွင် ပါဝင်ကစားလျက်ရှိသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

***** *ကျောဖုံးမှ*

ပေါ်တူဂီအသင်းသည် ယခုပွဲစဉ်မတိုင်မီ အန်ဒိုရာအသင်းနှင့် ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားထားပြီး ခုနစ်ဂိုးပြတ် အနိုင်ရရှိထားသည်။ ပြင်သစ်အသင်းက ဖင်လန်အသင်းနှင့် ခြေစမ်းပွဲတစ်ပွဲယှဉ်ပြိုင်ကစားထားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

ယခုပွဲစဉ်သည် အမှတ်ပေးဇယားရပ်တည်မှုအရ ပေါ်တူဂီအသင်းရော ပြင်သစ်အသင်းပါ အနိုင်ရရှိရန် လိုအပ်နေသည်။ ပေါ်တူဂီအသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲ၌ လေးပွဲယှဉ်ပြိုင်ကစားထားရာတွင် ရဂိုး ကိုးဂိုးအထိရှိပြီး ပေးဂိုးကတစ်ဂိုးသာလျှင် ခွင့်ပြုထားသည်။ ပြင်သစ်အသင်းကရဂိုး ခုနစ်ဂိုးရှိပြီး ပေးဂိုးက သုံးဂိုးခွင့်ပြုထားရသည်။ ထို့ကြောင့် ပေါ်တူဂီအသင်းက တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းတွင် ပြင်သစ်အသင်းထက် အနည်းငယ်အသာရနေသည်ကို တွေ့နိုင်ပေသည်။

ပေါ်တူဂီအသင်းနှင့် ပြင်သစ်အသင်းတို့ နောက်ဆုံးအကြိမ်ထိပ်တိုက်တွေ့ဆုံမှုသည် အောက်တိုဘာ ၁၂ ရက်က နေးရှင်းလိဂ်ပြိုင်ပွဲတွင်ဖြစ်ပြီး ဂိုးမရှိသရေကျထားသည်။ ပေါ်တူဂီအသင်းသည် ယခုပွဲစဉ်တွင် ပြင်သစ်အသင်းကို အနိုင်ရရှိပါက ရမှတ် ၁၃ မှတ်အထိ စုဆောင်းနိုင်မည်ဖြစ်ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခွင့်ရရှိမည်ဖြစ်သည်။ ပြင်သစ်အသင်းက ယခုပွဲစဉ်တွင် ပေါ်တူဂီအသင်းကို အနိုင်ရရှိပါမှ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ပေါ်တူဂီအသင်းရော ပြင်သစ်အသင်းပါ အနိုင်ရရှိရန် ကြိုးပမ်းလာမည်ဖြစ်သည့်အတွက် ပြိုင်ပွဲမှာ မြိုင်ဆိုင်လာဖွယ်ရှိနေသည်။ ယနေ့နံနက်ပိုင်းတွင် လိဂ် (A) မှ အခြားပွဲစဉ်သုံးပွဲလည်း တစ်ချိန်တည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထိုပွဲစဉ်သုံးပွဲမှာ ဆွီဒင်နှင့် ခရိုအေးရှား၊ ဂျာမနီနှင့် ယူကရိန်း၊ ဆွစ်ဇာလန်နှင့် စပိန်အသင်းတို့ဖြစ်သည်။ **အောင်ဇော်**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၁ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၂၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၀/၅၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၀ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၅/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၁ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၈၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၀၃၄ | ၂၀၂၈၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၅၉၂ | ၅၈၇၂၃၀၀ |
| MCB | ၈၅၀၀ | ၈၂၀၀ | ၁၃၁ | ၁၁၀၄၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉၀၇ | ၂၄၄၉၀၀၀ |
| EFR | ၄၂၀၀ | ၄၂၀၀ | ၅၂ | ၂၁၈၄၀၀ |

ခင်ရတနာ - စုစည်းသည်

# ပုဂံ ဘုရားသုံးဆူတွင် ကိုရီးယားအဖွဲ့နှင့် ပုဂံဌာနခွဲတို့ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်

**ညောင်ဦး နိုဝင်ဘာ ၁၃**

ညောင်ဦးမြို့နယ် ပုဂံဒေသရှိ ဘုရားသုံးဆူ၌ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကိုရီးယားသမ္မတနိုင်ငံ Korea Cultural Heritage Foundation (KCHF)မှ တာဝန်ရှိသူ မစ္စတာကင်ဒုံမင်း ဦးဆောင်သောအဖွဲ့နှင့် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ပူးပေါင်းအဖွဲ့များဖြစ်သည့် အဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊ တူးဖော်ရေးလုပ်ငန်းအဖွဲ့နှင့် နံရံဆေးရေးပန်းချီပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်ကို ပုဂံဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက် ဦးဆောင်သောအဖွဲ့က နိုဝင်ဘာ ၁၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။



ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေသော ဘုရား သုံးဆူ

ကိုရီးယားပညာရှင်အဖွဲ့နှင့်အတူ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် ဘုရားအမှတ်(၄၇၈)၏ ကွမ်းတောင်အထက်ပိုင်း ပျက်စီးနေမှုများကို မှတ်တမ်းများရယူခြင်းနှင့် ပုံဆွဲခြင်း၊ ဘုရားအမှတ်(၄၇၇) အနီးရှိ သစ်ပင်အမြစ်က ဘုရား၏ အရှေ့ဘက်ရင်ပြင် ကြမ်းခင်းအောက်သို့ ဝင်ရောက်နေမှုကို သစ်မြစ်ဖြတ်တောက်နိုင်ရေးအတွက် ကြမ်းခင်းများ စနစ်တကျ ဖယ်ထုတ်ခြင်းနှင့် ဘုရားအမှတ်(၄၇၉)၏ ကွမ်းတောင်ပိုင်းတွင် အင်္ဂတေကြွခိုင်မှုဆောင်ရွက်ခြင်း အခြေအနေ စသည်တို့ကို ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ကောလင်းမြို့နယ်မှ လာကာချောင်းကူး သံကူကွန်ကရစ်တံတားသစ် ရာနှုန်းပြည့်ပြီးစီး

**ကောလင်း နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်း-ဥက္ကံ-ကြို့ပင်-ထိန်အင်း-မိချောင်းအင်းလမ်းပေါ်ရှိ လာကာချောင်းကူး သံကူကွန်ကရစ်တံတားကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀၀ ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က ဖေဖော်ဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ကြောင်း၊ တံတားမှာ အရှည် ပေ ၂၅၀(၇၆ ဒသမ ၂ မီတာ)နှင့် အကျယ် ပေ ၂၀(၆ ဒသမ ၁ မီတာ)ရှိကာ ယာဉ်သွားလမ်းအကျယ် ၁၈ ပေဖြစ်ကြောင်း သိရသည်။

ယခုအခါ တံတားသစ်ကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ကောလင်းအနောက်ဘက်ခြမ်းရှိ လာကာ၊ အိုင်ကြီး၊ ဥက္ကံ၊ မိုးနှံ၊ ကြို့ပင် စသည့် ကျေးရွာအုပ်စုများမှ ပြည်သူများအတွက် အကျိုးပြုမည်ဖြစ်သလို ပင်လယ်ဘူးမြို့နယ် မိချောင်းအင်းမှ ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်သို့လည်းကောင်း၊ မူးမြစ်အနောက်ခြမ်း ကျွန်းလှမြို့နယ်အတွင်းရှိ အုပ်စုများမှ ကောလင်းမြို့နယ်သို့လည်းကောင်း ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



# ကိုဗစ်- ၁၉ ကာလ မျိုးစေ့အခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် မိဘစပါးမျိုးများ စိုက်ပျိုးထား

**နေပြည်တော် နိုဝင်ဘာ ၁၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသနများကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကြောင့် အခက်အခဲ ကြုံတွေ့နေရချိန်တွင်လည်း စိုက်ပျိုးထုတ်လုပ်သူများနှင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် ရှားပါးသည့် ပြဿနာကို ကျော်လွှားနိုင်ရန် ရည်ရွယ်လျက် စပါးမျိုးကောင်းမျိုးသန့် မိဘစပါးမျိုးများကို သုတေသနပြု စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဒေသအသီးသီးမှ စပါးစိုက်တောင်သူအများစု အဓိက စိုက်ပျိုးနေသော စပါးမျိုး ၁၁ မျိုးဖြစ်သည့် ရွှေသွယ်ရင်၊ ဆင်းကေရီ-၃၊ ကျော်ဇေယျ၊ ဆင်းသွယ်လတ်၊ ရောမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ရွှေရင်အေး၊ ပေါ်ဆန်းရင်နှင့် ပေါ်ဆန်းဘေးကြား စပါးများ၏ မိဘစပါးမျိုး(BS)ကို ယခုနှစ်မိုးရာသီအတွင်း စနစ်တကျ သုတေသနပြု စိုက်ပျိုးခဲ့ရာ နိုဝင်ဘာလအတွင်း ရိတ်သိမ်းခြွေလှေ့ခြင်းများကိုလည်း ညွှန်ကြားရေးမှူးချုပ်က ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် အဆိုပါ ရိတ်သိမ်းရရှိသော စပါးမျိုး ၁၁ မျိုး၏ မိဘစပါးမျိုးစေ့(BS)များကို စိုက်ပျိုးရေးဦးစီးဌာန၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မျိုးစေ့ထုတ်ခြံများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနရှိ စိုက်ပျိုးရေးပညာပေး တာဝန်ခံများနှင့် ဝန်ထမ်းများက ဆင့်ပွားမျိုးစေ့(FS)အဖြစ် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မျိုးသန့်မျိုးပွားမျိုးစေ့(CS)အဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စိုက်ကေသုံးသိန်းကျော် စိုက်ပျိုးနိုင်သည်အထိ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဝေနိုင်မည်ဖြစ်သောကြောင့် စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် ကိုဗစ်- ၁၉ ကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရမည့် မျိုးစေ့အခက်အခဲကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



## ညောင်ရွှေမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၅၁၂၇ စုအား ထောက်ပံ့ငွေများပေးအပ်

**ညောင်ရွှေ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ကိုဗစ်-၁၉ ကာလ စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်က ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး ထောက်ပံ့ငွေပေးအပ်ခြင်း ရည်ရွယ်ချက်နှင့် ထောက်ပံ့ငွေပေးအပ်ရာတွင် အခြေခံလူတန်းစားများ၏ လက်ဝယ်အရောက် ပေးပို့ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းတို့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၅၁၂၇ စုအတွက် နိုင်ငံတော်အစိုးရမှ ပေးအပ်သည့် ထောက်ပံ့ငွေများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ညောင်ရွှေမြို့နယ်အတွင်း၌ အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေများကို တစ်အိမ်ထောင်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်ကာ အခြေခံလူတန်းစားများ အိမ်ထောင်စုများထံ လက်ဝယ်အရောက် ပေးပို့နိုင်ရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## သုံးခွမြို့နယ်၌ ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၀၇၇၄၂ သိန်း ထုတ်ချေးမည်

**သုံးခွ နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီတွင် တောင်သူများ ဆောင်း သီးနှံ ပဲတီစိမ်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၂ ရက်တွင် သိုက်တူးကန်ကျေးရွာမှ တောင်သူများအား ချေးငွေများ စတင်ထုတ်ချေးပေး ခဲ့ရာ တစ်ကေလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အဆိုပါ ကျေးရွာရှိ တောင်သူ ၁၀၀ ၏ ဆောင်းသီးနှံ ၇၀၃ ကေအတွက် ကျပ် ၇၀၃ သိန်းကို ထုတ်ချေးပေးခဲ့သည်။ သုံးခွမြို့နယ်အတွင်း ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူ ၁၅၃၆၀ အား တစ်ကေလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ကေပေါင်း ၁၀၇၇၄၂ အတွက် ကျပ် ၁၀၇၇၄၂ သိန်း ထုတ်ချေးပေးရန် လျာထားကြောင်း သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ချေးငွေများထုတ်ချေးပေးရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး အတိုးနှုန်း မှာ ကျပ် ၁၀၀ အတွက် တစ်နှစ်လျှင် ငါးရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃) ၊ ကောလိယ(၃၁)လမ်း ၊ မြေကွက်အမှတ်(၃၃၇/ခ) ၊ အကျယ်အဝန်း (၂၀ပေX ၆၀ပေ) (၀.၀၂၉ဧက) ရှိ ဦးမြစိန်(၁၂/ဥကတ (နိုင်) ၀၆၃၅၂၀) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဝင်း (၁၂/ဥကတ(နိုင်)၁၁၄၈၃၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင်
LL.B
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
ဖုန်း- ၀၉၄၂၁၇၄၆၉၇၄ ၊

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်မ ဒေါ်ဝင်းဝင်းမြ ၁၂/ကမရ(နိုင်)၀၃၂၇၆၅ ၏သား မောင်ဝေယံဦး ၁၂/ကမရ(နိုင်)၀၇၁၈၄၉ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ဝင်းဝင်းမြ ၁၂/ ကမရ(နိုင်)၀၃၂၇၆၅

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ သုမင်္ဂလာလုံးချင်းအိမ်ရာ၊ သုဓမ္မာလမ်း၊ အမှတ် (၅၇)နေ ဦးဝင်းကြိုင်(ခ)ဦးဝင်းကျော် ၁၂/ကမတ(နိုင်) ၀၅၅၈၉၂ မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ် (၃၃)ဟုခေါ်တွင်သော အကျယ်(၂၅ပေx၅၅ပေ)ရှိ ခုနစ်ထပ်တိုက်၏ ငါးလွှာတိုက်ခန်းကို အခန်းပိုင်ရှင် ဦးကြည်ရွှင် ၁၂/မရက(နိုင်)၀၃၄၄၂၃မှ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မှအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးဝင်းကြိုင်(ခ)ဦးဝင်းကျော်
၁၂/ကမတ(နိုင်)၀၅၅၈၉၂


ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝ တောတွေ ထိန်းသိမ်းစို့

ဥတုရာသီ တောကိုမှီ၏။

## ကျောင်းအလှူ လှူဒါန်းနိုင်

သာကေတ ၊ အောင်စကြာမိုးကုတ်ဝိသုနာ စမ္မရိပ်သာ ကိုယ်ပိုင်ယောဂီခန်း ကျပ် (၁၂၅) သိန်း၊ ဓမ္မသဘင်ခန်းမဆောင်(၁၀)ပေ၊ တစ်ခန်းကျပ်သိန်း (၅၀)၊ ထေရာဝါသစံကျောင်း ၊ ကျပ်သိန်း (၁၅၀)၊ လှေခါးတခွင်ကျပ် (၂၅)သိန်း၊ တံခါးတစ်ပေါက် ကျပ် (၆)သိန်း၊ မျက်နှာကျက် (၁၀)ပေ၊ ကျပ်(၃)သိန်း၊ ကျွန်းပါကေး (၁၀)ပေ၊ ကျပ်(၆)သိန်း၊ တိုင်တစ်လုံး ကျပ် (၅)သိန်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ကမ္မည်းရေးထိုးပေးပါမည်။

ဖုန်း - ၀၉၅၁၄၇၃၈၂၀၁-၅၄၇၀၂၈

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

ချိုမေတ္တာဦး ကုမ္ပဏီလီမိတက် (မှတ်ပုံတင်အမှတ်-၁၂၆၆၈၂၆၆၂)၏ ၃၀-၁၀-၂၀၂၀ ရက်တွင် ကျင်းပသည့် ကုမ္ပဏီဒါရိုက်တာများ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ရင်းနှီးငွေအစုရှယ်ယာတန်ဖိုးအား ကျပ်သိန်း (၅၀၀)မှ ကျပ်သိန်း (၅၀)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ချိုမေတ္တာဦး ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ တောပုန်းကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၂-ရေပုံလေး)၊ ဦးပိုင်အမှတ်(၃၄/၁)၊ ဧရိယာ ၀ဒသမ ၁၀၀ ဧကရှိ မြေကွက်ပေါ်တွင် ဒေါ်လှရင် ၁/မစန(နိုင်)၀၀၉၆၅၂ သည် လွန်ခဲ့သော (၁၅)နှစ်ကတည်းက အဆောက်အအုံ ဆောက်လုပ်နေထိုင်ခဲ့ပြီး ၎င်းမြေနေရာကို ဒေါ်လှရင် အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဒေါ်လှရင်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှရင်**
**၁/ မစန(နိုင်)၀၀၉၆၅၂**
**ရွှေဂုကုန်း**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၂၀၄)ဟုခေါ်တွင်သည့် မြေငှားဂရန်တွင် ဦးဆော်ဆီကုမ္ပာ အမည်ပေါက် အလျား ၂၅ပေxအနံပေ ၅၀၊ ဧရိယာ စတုရန်းပေ ၁၂၅၀ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်း မရှိသေးသော မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း အလျားxအနံ (၁၂ပေ ၆လက်မxပေ၅၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၀၄-က)၊ မဟာဗန္ဓုလလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမူ ၁၂/ဒပန(နိုင်)၀၄၃၄၉၅မှ ရောင်းချသူ ဒေါ်စိုးစိုး ၁၂/ဒပန(နိုင်)၀၀၂၈၃ထံမှ ၁၀-၁၁-၂၀၂၀ရက်တွင် အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (စဉ်-၈၃၅၁)** | **ဒေါ်စုစုအောင်(စဉ်-၁၃၄၉၈)** |
| **LL.B, D.B.L** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ရုံး-အမှတ် (၉၉၉)၊ သစ္စာလမ်း(ဥပဒေရုံးအနီး)** |
| **အိမ်-အမှတ် (၈၄၄-ခ)၊ စာဂ(၁၆)လမ်း၊** | **(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** |
| **(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်** | **ရန်ကုန်တိုင်းဒေသကြီး** |

**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဒေါ်ဇီဇဝါဝင့် ၁၂/မဂဒ(နိုင်) ၀၉၅၀၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သည့် ဒေါ်ဇီဇဝါဝင့်သည် Facebook (Online)တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ အကောင့်အမည် (Ze Za War Wint)ဖြင့် စုမဲစုခြင်း ပြုလုပ်ခဲ့ရာတွင် ယခုအခါ၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ကိုင်ရာတွင် ငွေကြေးအခက်အခဲများကြောင့် လုပ်ငန်းကိုပုံမှန်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် ရပ်ဆိုင်းထားရပါသည်။

ထို့ကြောင့် ငွေစာရင်းများ ရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် စုမဲငွေများကို ပြေကျေသည်အထိ ပြန်လည်ဖြေရှင်းပေးဆပ်ရန်အတွက် ကြိုးစားပေးဆပ်ရန် အချိန်ကာလဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဇီဇဝါဝင့်မှ စာရင်းရှင်းလင်းပေးရန်ရှိသည့် စုမဲငွေကြေးများကို ပြေလည်အောင်ကိုယ်တိုင်စိုက်ထုတ်ဖြေရှင်းဆောင်ရွက်နေလျက်ရှိပြီး တာဝန်ယူစာရင်းရှင်းလင်းငွေပေးဆပ်ရန်အတွက် စီစဉ်ဆောင်ရွက်နေဆဲကာလအတွင်း မည်သူတစ်ဦးတစ်ယောက်ကမျှ Facebook (Online)တွင်ဖြစ်စေ၊ Messenger တွင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ အခြားလူမှုကွန်ရက်အွန်လိုင်းတွင်ဖြစ်စေ၊ အွန်လိုင်းစာမျက်နှာတွင်ဖြစ်စေ၊ Viber တွင်ဖြစ်စေ၊ သတင်းစာ/ဂျာနယ်များတွင်ဖြစ်စေ၊ ပြင်ပတွင် လူကိုယ်တိုင်ဖြစ်စေ ဒေါ်ဇီဇဝါဝင့်နှင့် ၎င်း၏မိသားစုဝင်များအား ဆဲဆိုခြင်း၊ ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ၊ တစ်နည်းနည်းဖြင့် ဂုဏ်သိက္ခာကျဆင်းစေသော ပြုလုပ်ပြောဆိုမှုများ၊ မဟုတ်မမှန်လုပ်ကြံဖန်တီးပြောဆိုမှုများကို လုံးဝမပြုလုပ်ကြပါရန်နှင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ သက်ဆိုင်သူများအား မေတ္တာရပ်ခံအသိပေး အပ်ပါသည်။

လိုက်နာမှုမရှိဘဲ လိုက်လံ၍ပြုလုပ်ပါက ကျွန်ုပ်၏အမှုသည် ဒေါ်ဇီဇဝါဝင့်မှ ၎င်း၏ဂုဏ်သိက္ခာအမှန်တရားတစ်ခုအတွက် မလွှဲမရှောင်သာဘဲ တည်ဆဲဥပဒေနှင့်အညီ စိတ်မကောင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း လွှဲအပ်ချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဇီဇဝါဝင့်၏ လွှဲအပ်ချက်အရ-**

**ဦးကိုကိုထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၉၄/၁-၆-၂၀၁၇)**
**အမှတ် (၁၃၈)၊ မွန်စံပြ(၁)လမ်း၊ ဟသ်ာကုန်းရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၁၅၇၁၉**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်းများ

| | |
|---|---|
| (၁) ပြည်နယ်ရုံးဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ RC (၃)ထပ် (၆၁ပေ ၆လက်မ x ၅၁ပေ) | (၁)လုံး |
| (၂) ဖားကန့်မြို့နယ်ရုံးဝင်းအုတ်တံတိုင်းကာရံခြင်း (၁၀၉၀ပေ ) | (၁)ခု |

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများအား ၂၆-၁၁-၂၀၂၀ ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများ ကို ၁၁-၁၂-၂၀၂၀ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးဖုန်း- ၀၇၄-၂၅၂၉၅၁၆နှင့် ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း- ၀၇၄-၂၅၂၄၂၁၁ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ တိုင်းတာရေးစက်ကိရိယာဝယ်ယူရေးလုပ်ငန်းများ၊ ရေ/လေ/မြေတိုင်းတာရေးစက်များတွင် အသုံးပြုရန်လိုအပ်သော ဓာတ်ခွဲခန်းသုံး Reagent ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တိုင်းတာရေးစက်ကိရိယာဝယ်ယူခြင်း

| | |
|---|---|
| (၁) Enviromental Parameter Air Station | (၃)စုံ |

(ခ) ဓာတ်ခွဲခန်းသုံး Reagent ပစ္စည်းများဝယ်ယူခြင်း

| | |
|---|---|
| (၁) ဓာတ်ခွဲခန်းသုံး Reagent ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်း | (၁)ခု |

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများအား ၂၆-၁၁-၂၀၂၀ ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၁၁-၁၂-၂၀၂၀ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ရုံးဖုန်း-၀၇၄-၂၅၂၉၅၁၆နှင့် ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၅၂၄၂၁၁ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ဗန်းမော်ခရိုင်တရားရုံးတော်
## ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် -၅ နှင့် ဆက်နွှယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၂၀

ဦးခင်မောင်တင့် နှင့်
၁။ ဒေါ်စိန်တင်
၂။ ဦးတင်မောင်လွင်
၃။ ဒေါ်ခင်အေးမြင့်
၄။ ဦးကျော်ငွေလွင်
၅။ ဦးစံလင်းအောင်
၆။ ဦးဇော်လင်းအောင်
၇။ ဦးချမ်းငြိမ်းအောင်
၈။ ဦးရဲဝင်းအောင်
၉။ ဒေါ်ဘေဂွန်
၁၀။ မဥမ္မာ
၁၁။ မချစ်မ

**ဒီကရီအနိုင်ရသူ** **တရားရုံးများ**

(၃) ဒေါ်ခင်အေးမြင့် (နေရပ်လိပ်စာမသိ)၊ (၄) ဦးကျော်ငွေလွင် ထရန်ဖွန်ရပ်၊ မြစ်ကြီးနားမြို့နယ် (ယခုနေရပ်လိပ်စာ မသိ)၊ (၅) ဦးစံလင်းအောင် သစ/၆၇၁၊ အရှေ့သာစည်ရပ်၊ ဗန်းမော်မြို့ (ယခုနေရပ်လိပ်စာ မသိ)၊ (၇) ဦးချမ်းငြိမ်းအောင် သစ/၆၇၁၊ အရှေ့သာစည်ရပ်၊ ဗန်းမော်မြို့ (ယခုနေရပ်လိပ်စာ မသိ)၊ (၈) ဦးရဲဝင်းအောင် သစ/၈၅၉၊ အရှေ့သာစည်ရပ်၊ ဗန်းမော်မြို့ (ယခုနေရပ်လိပ်စာ မသိ)၊ (၁၀) မဥမ္မာ (နေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် – ၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးခင်မောင်တင့်(တရားနိုင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွှန့်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဗန်းမော်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက် ၊ ရာဇသူရ(၁၅)လမ်း၊ တိုက်အမှတ်(၁၁၂၉) ၊ အခန်းအမှတ် (တတိယထပ်)(၄-လွှာ)၊တိုက်ကိုမျက်နှာမူလျှင်(လက်ယာဘက်) အကျယ်အဝန်း (၁၉ပေ× ၅၄ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်စံလတ် (၁၂/ဗဟန (နိုင်)၀၇၅၇၉၁) နှင့် ဒေါ်နှင်းအိဖြူ(၁၂/သကတ(နိုင်)၁၄၉၈၀၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
